FDB
Forum for Democracy in Burma
မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစု
eBulletin

၁ နိုဝင်ဘာ ၂၀၀၄ | သတင်းလွှာ | အမှတ် ၃/၂၀၀၄

‘အဖမ်းအဆီးသတင်းများ၊ အရွှေ့အပြောင်းသတင်းများဆက်တိုက် ကြားနေရသည်။ မသေချာသော သတင်းများအရဆိုလျှင် …’

**အာဏာလွန်ဆွဲပွဲနှင့် ရှေ့အလားအလာ**

စာမျက်နှာ ၂



‘အာဏာရှင်ကြီးရဲ့အမိန့်ကို မနာခံတဲ့ ထောက်လှမ်းရေးအဖွဲ့ တွေကိုဖျက်သိမ်းပြီး သူ့အမိန့်ကို တသွေမတိမ်းနာခံမယ့် …’

**ဟသ်ာကိုးသောင်းတပ်မတော်**

စာမျက်နှာ ၄

‘ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရာထူးမှ ဖယ်ရှားပြီး အကျယ်ချုပ် ချထားရုံဖြင့် …’

**ပြောသလိုတကယ်လုပ်မှာလား …**

စာမျက်နှာ ၅





‘ကျနော်တို့ရဲ့နှလုံးသားက သူမနဲ့အတူရှိနေပါတယ်၊ ဒါပေမယ့် ကျနော်တို့ရဲ့ဦးနှောက်က …’

**ရန်ကုန်နဲ့ ဗိုဗို နီးကပ်လာတဲ့ ဒေလီ**

စာမျက်နှာ ၆

‘ပုဂ္ဂိုလ်ရေးရင်းနှီးမှုပေါ်တည်ဆောက်ထားတဲ့ အစိုးရချင်းဆက်ဆံရေး ဘယ်လို ဆက်ဖြစ်လာဦးမယ် …’

**စီးပွားရေးသည်သာ …**

စာမျက်နှာ ၈



‘စာချုပ်တွင် အမျိုးသမီးများနှင့်ဆိုင်သော အကြောင်းအရာများဖြစ်သည့် …’

**စီးဒေါစာချုပ်**

စာမျက်နှာ ၁၀

# ဗိုလ်ခင်ညွန့်ပြုတ်သွားပြီဆိုတော့ ဘာတွေများ …

“အခုပြောဖို့ တော်တော်ခက်တယ်လေ။ ရှေ့လျှောက် ထောက်လှမ်းရေးကို ဘယ်လိုပုံစံမျိုးဖော်မယ်၊ ထောက်လှမ်းရေးဆိုတာက သူ့ဖွဲ့စည်းပုံ ဘာညာတော့ အတိအကျရှိပါတယ်။ သူ့ Role က နိုင်ငံရေးမှာ တော်တော်ပါဝင်နေတဲ့ အပိုင်းရှိတယ်။ အဲဒါတွေကို ဘယ်လိုပြန်ပြီး ပြုပြင်မလဲတော့ မသိဘူး။ စောင့်ကြည့်ရဦးမယ်။”

**ဦးလွင်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောခွင့်ရပုဂ္ဂိုလ်။**

“… နောက်ထပ် ဗိုလ်ချုပ်တစ်ယောက်များ တက်လာပြီးတော့ အသိအမှတ်မပြုဘဲ နောက်လွှတ်တော်အတွက် နောက် ရွေးကောက်ပွဲတစ်ခုများ ထပ်လုပ်နေရင်တော့ အန်ကယ်တို့ ဗမာပြည်မှာ နိုင်ငံရေးကတော့ ခြာလည်လိုက်နေလိမ့်မယ်။ အစ ဆုံးမှာမဟုတ်ဘူး။”

**ဝါရင့်နိုင်ငံရေးသမားကြီး သခင်သိန်းဖေ**

“ယနေ့နိုင်ငံတော်ကို တာဝန်ယူနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရသည် တိုင်းပြည်ကို တည်ငြိမ် အေးချမ်းအောင် အချိန်ကာလ အတိုင်းအတာ အကန့်အသတ်ဖြင့် တာဝန်ယူ လုပ်ဆောင်ရသည့် အိမ်စောင့်အစိုးရ ပုံစံမျိုးမဟုတ်ဘဲ တိုင်းပြည်ကို ခေတ်သစ် စနစ်သစ်တစ်ရပ်သို့ ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်အောင် တာဝန်ယူလုပ်ကိုင်နေရသည့် အစိုးရမျိုး ဖြစ်ကြောင်း ကြိုကြိုက်တုန်း ရှင်းလင်းပြောကြားလိုကြောင်း။”

**ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဝန်ကြီးချုပ်**

(ယခင် အတွင်းရေးမှူး ၁၊ မြန်မာနိုင်ငံပညာရေးကော်မတီ ဒုတိယဥက္ကဋ္ဌအဖြစ် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် ၅၅ သင်တန်းဖွင့်ပွဲတွင် ပြောကြားခဲ့သည့်မိန့်ခွန်းမှ)

“အခြေအနေတွေ ရှင်းရှင်းလင်းလင်း ဖြစ်တဲ့အထိတော့ ကျနော်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ အနာဂတ်မှာ ပိုပြီး အခက်အခဲရှိနိုင်မယ်လို့ ကျနော်တို့ နည်းနည်းစိုးရိမ်တယ်။”

**ရန်ကုန်မြို့မှ စီးပွားရေးလုပ်ငန်းရှင်တစ်ဦး**

“ဗိုလ်ချုပ်ကြီးတွေဟာ စစ်ရေးအရဖြေရှင်းနည်းကိုပဲ တွယ်ဖက်ထားကြပါတယ်။ သူတို့အတွင်းကိစ္စတွေ အနည်ထိုင်အောင် လုပ်ပြီးသွားတာနဲ့ တိုင်းရင်းသား လူမျိုးစုတွေပေါ် ပိုပြီး ထိုးစစ်ဆင်လာမယ်လို့ ကျမတို့ ယုံကြည်တယ်။”

**ခါဆန်း၊ ရှမ်းပြည်တပ်မတော် (အက်စ်အက်စ်အေ) ပြောခွင့်ရအမျိုးသမီး**

# အာဏာလွန်ဆွဲပွဲနဲ့ ရှေ့အလားအလာ

အောက်တိုဘာ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဝန်ကြီးချုပ်ရာထူးက ဖယ်ရှားလိုက်သည်။ တပြိုင်နက်တည်းမှာ တပ်မတော်ထောက်လှမ်းရေးမှူးချုပ်တာဝန်ကလည်း ဖယ်ရှားလိုက်သည်။ ဝန်ကြီးချုပ်နေရာတွင် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို အစားထိုး ခန့်ထားလိုက်ပြီး ထောက်လှမ်းရေးမှူးချုပ်နေရာအား ရန်ကုန်တိုင်း တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေကို ကိုင်ခိုင်းထားသည်ဟု ကြားရပြန်သည်။ အဖမ်းအဆီးသတင်းများ၊ အရွှေ့အပြောင်းသတင်းများ ဆက်တိုက်ကြားနေရသည်။ မသေချာသောသတင်းများအရဆိုလျှင် အပစ်အခတ်သတင်းနှင့် အသေအပျောက်သတင်းများပင် ပါလိုက်သေးသည်။

ဘာတွေဖြစ်ကုန်ကြပြီလဲ။

အသံအမျိုးမျိုးထွက်လာကြသည်။ အာဆီယံနိုင်ငံများပင်လျှင် တော်တော်သွေးပျက်သွားသည် (Shock ဖြစ်သွားသည်) ဟု ကြားနေရသည်။ ပြည်တွင်းမှာရော၊ နိုင်ငံတကာကပါ ထင်မြင်ချက်အမျိုးမျိုး ထွက်ပေါ်လာသည်။ ဗိုလ်ခင်ညွန့် အဖယ်ရှားခံရသည့်အတွက်ပဲ တစ်ခုခု ဖြစ်သွားတော့မလိုလို တချို့ စိုးရိမ်သွားကြသေးသည်။ ကျနော်တို့အမြင်မှာတော့ သည်အဖြစ်သည် ဆန်းကြယ်လှသော ကိစ္စမဟုတ်ဟု ရှင်းရှင်းလင်းလင်း သဘောရပါသည်။

နန်းတွင်းအရှုပ်တော်ပုံ သို့မဟုတ် စစ်တပ်တွင်း အာဏာလွန်ဆွဲပွဲ (Power Struggle) တစ်ခုမျှသာ ဖြစ်ပါသည်။ NLD ပြောရေးဆိုခွင့်ရှိသူ ဦးလွင်၏ လွတ်လပ်သောအာရှအသံနှင့် မေးမြန်းခန်းတွင် ပြောဆိုသွားသည်ကို ကျနော်တို့ သဘောတူပါသည်။ ဗိုလ်သန်းရွှေက သူ့အတွက် အဆင်မပြေသည့် (Inconvenient) သူကို ဖယ်ရှားလိုက်ပြီး သူ့အတွက် အဆင်ပြေသည့် (convenient) သူကို ကောက်တင်ပေးလိုက်ခြင်းသာ ဖြစ်သည်။ ဗိုလ်ခင်ညွန့် ခြေတံလက်တံတွေ ရှည်လွန်းလာပြီး ဝါးနက ဝါးရင့်ကိုပတ်တော့မည့် အနေအထားရောက်လာသည်ဟု ယူဆပြီး ရှင်းထုတ်လိုက်ခြင်းသာဖြစ်သည်။

လူသစ်များနှင့်အစားထိုးပြီး ဗိုလ်သန်းရွှေနှင့် ဗိုလ်မောင်အေးတို့ စိတ်တိုင်းကျ ယန္တရားကို ပြန်ပြင်လိုက်ခြင်းလည်းဖြစ်သည်။ အမိန့်မနာခံမှု၊ စစ်စည်းကမ်းဖောက်ဖျက်မှု၊ အကျင့်ပျက် အဂတိလိုက်စားမှု စသည့် စွဲချက်များဖြင့် ဗိုလ်ခင်ညွန့်နှင့်အဖွဲ့ကို ပြတ်ပြတ်သားသား ရှင်းထုတ်လိုက်ခြင်းလည်းဖြစ်သည်။

၁၉၉၂ ဧပြီမှာ နဝတဥက္ကဋ္ဌ ဗိုလ်စောမောင်ကို ဖယ်ရှားလိုက်ပြီး ၁၉၉၇ နိုဝင်ဘာမှာ ထိပ်သီးဗိုလ်ချုပ် ၁၄ ယောက်ကို တပြိုင်နက်တည်း ချောင်ထိုးဖယ်ရှားခဲ့ကြသည်။ စစ်အာဏာရှင်စနစ်ကြီးအတွင်းမှာ ဘယ်လောက်ပဲ အကောင်ကြီးကြီး ကမ်းနားသစ်ပင်ချည်းသာဖြစ်သည်။ ဗိုလ်ခင်ညွန့်ကို ပျော့ပြောင်းသူ၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို လိုလားသူ (Moderate) ဟု တချို့က ပုံဖော်ပြောဆိုကြသည်။ ကျနော်တို့ကတော့ ဒီအမြင်ကို နားလည်လို့မရပါ။ ၁၉၉၀ ခု ရွေးကောက်ပွဲရလဒ်ကို အခုအချိန်ထိ အသိအမှတ်မပြုသူ၊ NLD အပါအဝင် တရားဝင်ပါတီများရဲ့ ဥပဒေတွင်း လုပ်ပိုင်ခွင့်များကိုတောင် နည်းမျိုးစုံဖြင့် ဖိနှိပ်ကန့်သတ်နေသူ၊ ဒီပဲယင်းပြဿနာကို ဖြေရှင်းမပေးရုံသာမက ခေါင်းဆောင်တွေကိုဖမ်း၊ ထောက်ခံသူတွေကိုဖမ်း၊ ရုံးခန်းတွေကိုပိတ်ထားသူ NLD အပါအဝင် အင်အားစု အသီးသီးကရော၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာကပါ တွေ့ဆုံဆွေးနွေး အဖြေရှာပါဟု ထပ်တလဲလဲ တင်ပြတောင်းဆိုနေသမျှကို မသိ



သွားလေသူ ဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဗိုလ်ချုပ်ကြီးသူရရွှေမန်း (ယာ) နှင့် ဝန်ကြီးချုပ်သစ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ဝဲ)

ကျိုးကျွံပြုနေသူ၊ နိုင်ငံရေးသမား (၁၄၀၀)ကျော်ကို ဖမ်းဆီးထောင်ချထားသူ၊ သပိတ်ကံဆောင် ဆရာတော် သံဃာတော်များကို သင်္ကန်းဆွဲချွတ် လူဝတ်အဝမ္ဘလဲခိုင်း၊ စစ်ကြောရေးစခန်းမှာ ဂျွမ်းထိုးခိုင်း၊ နှစ်ရှည် ထောင်ချပစ်၊ တချို့ကို ရဲဘက်ထုတ်ပြီး အသေသတ်ခဲ့သူ၊ ဒီလိုပုဂ္ဂိုလ်မျိုးကို ကျနော်တို့က ပျော့ပြောင်းသူလို့ ဘယ်လိုနည်းဖြင့် သတ်မှတ်ရပါမည်နည်း။

ဝန်ကြီးချုပ်အသစ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၁) အသစ် ဗိုလ်ချုပ်သိန်းစိန်တို့အုပ်စုက သဘောထားတွေ ထုတ်ပြန်လာပါသည်။ Road Map ၇ ချက်၊ ညောင်နှစ်ပင်ညီလာခံ၊ အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ပေါ်လစီများမှာ ဗိုလ်ခင်ညွန့် တစ်ဦးတည်းပိုင်မဟုတ်ကြောင်း၊ နအဖ ပိုင်ဖြစ်ကြောင်း၊ ဒါကြောင့် ဒီအတိုင်းပဲ ဆက်သွားမှာဖြစ်ကြောင်း ပြောဆိုလာပါသည်။

သည်ပြောဆိုချက်သည် ဘယ်လောက်များ လွမ်းလောက်ပါသနည်း။

မကြွားလောက်သည့်အရာနှင့် ထုတ်ကြွားနေသည့်လူလို ဖြစ်နေပါသည်။ ဘယ်ပါတီအဖွဲ့အစည်းများ၏ သဘောထားကိုမှ ညှိနှိုင်းရယူခြင်းမရှိဘဲ စစ်အုပ်စုစိတ်တိုင်းကျ တဘက်သတ်ရေးဆွဲခဲ့သည့် Road Map (၇)ချက်ကို ကျနော်တို့က အစကတည်းက လက်မခံခဲ့ပါ။

ညောင်နှစ်ပင်ညီလာခံသည်လည်း NLD, SNLD အပါအဝင် ရွေးကောက်ပွဲအနိုင်ရ ပါတီများလည်းမပါ၊ တကယ့်လူထုကို ကိုယ်စားပြုသည့်၊ စစ်မှန်သည့် ကိုယ်စားလှယ်များမဟုတ်ဘဲ စစ်အစိုးရအလိုကျ လက်သင့်ရာ ရွေးချယ်ခေါ်ယူထားသူများ ဖြစ်နေခြင်း၊ အခြေခံမူ ၁၀၄ ချက်နှင့် ဦးတည်ချက် ၆ ရပ်အောက်တွင် ကျင်းပနေရခြင်း စသည်တို့ကြောင့် စစ်မှန်သော အမျိုးသားညီလာခံ၏ လက္ခဏာနှင့် လုံးဝမကိုက်ညီပါ။

ထို့အပြင် ညီလာခံကို ချဉ်းကပ်ပုံတစ်မျိုးဖြင့် မိမိတို့ရဲ့သဘောထားကို တင်ပြရာစင်မြင့်အဖြစ် သဘောထားပြီး တက်ခဲ့ကြသည့် အပစ်အခတ်ရပ်စဲထားသည့် အုပ်စုများသည်ပင်လျှင် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကိုရည်ရွယ်သည့် ၊ အချက် ၇ ချက်ပါစာတမ်းကို အကြောင်းအမျိုးမျိုးပြ ပယ်ချခဲ့ပြီး 'မှတ်တမ်းတင်သည်' ဆိုသည့်အဆင့်သာ လက်ခံခဲ့သဖြင့် ညီလာခံပထမပိုင်းမှာ မပီမပြင်နှင့် ရပ်တန့်ခဲ့ရသည်။

ယခုလည်း ၂၀၀၅ ဇန်နဝါရီမှာ ပြန်လည်စတင်မည်ဟု ဗိုလ်သိန်းစိန်က အသံပစ်နေသည်။ တပြိုင်နက်တည်းတွင် အပစ်အခတ်ရပ်ထားသော လက်နက်ကိုင်အင်အားစုများကို စစ်ရေးအရ၊ စီးပွားရေးအရ ခြိမ်းခြောက်မှု၊

စာမျက်နှာ ၃ သို့

# အမှာစကား

၂၁ ရာစုထဲကို ဝင်ရောက်လာတာ ၄ နှစ် ရှိခဲ့ပါပြီ။ ဒီမိုကရေစီရေး ပြုပြင်ပြောင်းလဲမှုအတွက် ခေတ်သစ်ကမ္ဘာ့သမိုင်းမှာ ပထမဆုံး လူထုအုံကြွမှုကြီး စတင်ခဲ့တဲ့မြန်မာပြည်မှာတော့ ၁၉၈၈ ခုနှစ်က စပြီးတွက်ရင် ၁၆ နှစ်ကြာနေပြီဖြစ်ပေမယ့် ဒီမိုကရေစီနဲ့ အလှမ်းဝေးနေဆဲပါပဲ။

လတ်တလောမှာတော့ ပြောင်းလဲမှုတချို့ကို တွေ့နေရပါတယ်။ ဒီနေရာမှာ တိုးတက်ရာတိုးတက်ကြောင်း ပြောင်းလဲခြင်းလား၊ တနည်းအားဖြင့် ဒီမိုကရေစီရေးကိုဦးတည်တဲ့ ပြောင်းလဲခြင်းလားဆိုတာကို မှန်မှန်ကန်ကန် ရှုမြင်သုံးသပ်နိုင်မှသာ ဘယ်လို ပြောင်းလဲမှုမျိုးလည်းဆိုတာကို ပိုင်းခြား ဆုံးဖြတ်နိုင်မှာဖြစ်ပါတယ်။

မြန်မာပြည်ရဲ့ ၁၆ နှစ်တာကာလအတွင်း ဖြစ်ပေါ်တိုးတက်မှုကို ပကတိအတိုင်း ရှုမြင်သုံးသပ်နိုင်မယ်ဆိုရင်တော့ စစ်အုပ်စု စိတ်ကောင်းဝင်လာပြီလား (ဒါမှမဟုတ်) မြန်မာပြည်မှာ ဒီမိုကရေစီ ရောင်ခြည်လေးများ သန်းလာမလားဆိုတဲ့ စစ်အုပ်စုအပေါ် စိတ်ကူးယဉ်နေမှုအားလုံးကို ရပ်တန့်ဖို့ အချိန်တန်ပါပြီ။ မြန်မာစကားပုံလည်း ရှိပါတယ်။ ‘တစ်ခါလိမ် လိမ်သူ့အပြစ်၊ နှစ်ခါလိမ် အလိမ်ခံရသူရဲ့ အပြစ်’။ ဒါကို ဖြည့်စွက်ပြောရရင် သုံးခါဆိုရင်တော့ ယုံသူရဲ့အပြစ် ဖြစ်တော့မှာပါ။ ကမ္ဘာ့သမိုင်း စာမျက်နှာပေါ်မှာ စစ်အာဏာရှင်တွေရဲ့ သရုပ်သကန်နဲ့ လုပ်နည်းလုပ်ဟန်တွေကို တွေ့မြင်နိုင်ပါတယ်။ မြန်မာ့သမိုင်းမှာလည်း အနှစ် ၄၀ ကျော်ကြာ စစ်တပ်အာဏာလွှမ်းမိုးနေမှုက စစ်အုပ်စုကိုမမျှော်လင့်ဖို့ အကောင်းဆုံး သက်သေပြချက်တွေပါပဲ။ မြန်မာပြည်မှာ ဒီမိုကရေစီရေးအတွက် သမိုင်းနဲ့ချီ၊ မျိုးဆက်တွေနဲ့ချီပြီး ပေးဆပ်ပြီးပါပြီ။ ဒီထက် ပေးဆပ်စရာလည်း တိုင်းပြည်မှာ မကျန်တော့ပါဘူး။ ဒီကနေ့ စစ်အုပ်စုတွင်းပဋိပက္ခကို တွေဝေမိန်းမောမနေသင့်တော့ဘူး။ သေနင်္ဂဗျူဟာ ခန့်မှန်းတွက်ချက်မှုတွေ၊ စောင့်ကြည့်လေ့လာတဲ့ အဆင့်တွေကနေ ကျော်လွန်ပြီး မိမိတို့လုပ်စရာရှိတာကို စတင်လုပ်ဆောင်ဖို့ အချိန်တန်ပါပြီ။

စစ်အုပ်စုတွင်း ဖြုတ်၊ ထုတ်၊ ဖယ်ရှားပွဲတွေဟာ တိုင်းပြည် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးအတွက် ရည်ရွယ်ပြီးလုပ်နေကြတာ မဟုတ်တာတော့ သေချာပါတယ်။ တိုတိုပြောရရင်တော့ ဘယ်လို ဥပဒေစိုးမိုးမှုမျိုးမှမရှိတဲ့ စစ်အုပ်စု အဝန်းအဝိုင်းထဲက အမြီးကျက်အမြီးစား၊ ခေါင်းကျက်ခေါင်းစား ဆိုတဲ့ တောပုန်းဝါဒ ပြယုဂ်တွေသာဖြစ်ပါတယ်။ ဗိုလ်စောမောင်၊ ဗိုလ်ထွန်းကြည်၊ ဗိုလ်ကျော်ဘ၊ ဗိုလ်တင်ဦးနဲ့ ဗိုလ်ခင်ညွန့် အပါအဝင် စစ်ဗိုလ်ချုပ်အားလုံးဟာ အနာဂတ် မြန်မာ့နိုင်ငံရေးမှာ ဦးဆောင်အခန်းကနေ ပါဝင်ရမယ်ဆိုတဲ့ စစ်အုပ်စုနိုင်ငံရေးရည်မှန်းချက်ရဲ့ သားကောင်တွေပါပဲ။ ဒါကို ပြဋ္ဌာန်းခဲ့တဲ့ ဗိုလ်နေဝင်းကိုယ်တိုင် သားကောင်ပြန်ဖြစ်သွားခဲ့တာပါ။ ဗိုလ်သန်းရွှေ၊ ဗိုလ်မောင်အေး တို့လည်း ဒီလမ်းကို အနှေးနဲ့အမြန် လိုက်ရဖို့ရှိပါတယ်။

မြန်မာနိုင်ငံဒီမိုကရက်တစ်အင်အားစုအနေနဲ့ စစ်အုပ်စုရဲ့ အကြပ်အတည်းဟာ မြန်မာပြည်ဒီမိုကရေစီဖော်ဆောင်ရေးတွက် လမ်းစပဲလို့ ရှုမြင်ပါတယ်။ အခြားအင်အားစုအသီးသီးနဲ့ ပြည်သူလူထုတရပ်လုံးကလည်း ဒါကိုအခွင့်အလမ်းတစ်ရပ်အနေနဲ့ ချဉ်းကပ်ရှုမြင်ကြဖို့ တိုက်တွန်းဆော်သြရမှာပါ။

မြန်မာပြည်သူလူထုဟာ နယ်ချဲ့ဆန့်ကျင်ရေး၊ အမျိုးသား လွတ်မြောက်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေး စစ်ပွဲကာလတွေတုန်းက မိမိတို့ ကျရာအခန်းကဏ္ဍကနေ မတွန့်မဆုတ်တိုက်ပွဲဝင်ပြီး လွတ်လပ်ရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်ကို ကမ္ဘာမှာ မြန်မာဟော့လို့ အထင်အရှား ပြသခဲ့ပါပြီ။ အခုလည်း မြန်မာပြည်သူလူထုရဲ့ ဒီမိုကရေစီရေး စိတ်ဓာတ်နဲ့ ပတ်သက်လို့ ကမ္ဘာမှာ မြန်မာဟော့လို့ ပြရမယ့် အချိန်ရောက်ပါပြီ။

တိုင်းပြည်တိုးတက်ရေး ဒီမိုကရေစီရေးအတွက် တိုင်းပြည်ရဲ့ အဓိကကာယကံရှင်များဖြစ်တဲ့ လူမျိုးပေါင်းစုံပြည်သူလူထုနဲ့အတူ ဒီမိုကရက်တစ်အင်အားစုတွေအကုန်လုံး တညီတညွတ်တည်း တိုက်ပွဲဝင်ကြဖို့ အချိန်ကျရောက်နေပါပြီ။ ။

စာမျက်နှာ ၂ မှ

အကျပ်ကိုင်မှု၊ အခွင့်အလမ်းတချို့ပေးပြီး သွေးခွဲသပ်လျှိုမှုများ လုပ်နေပြန်ပါသည်။ သူတို့ပြောနေသည့် အပစ်အခတ်ရပ်စဲရေး ပေါ်လစီဆိုသည်မှာ ကြာလေ မြင်သာလေ ပြန်ဖြစ်လာနေပါပြီ။

Road Map ၇ ချက်နဲ့ ညောင်နှစ်ပင်ညီလာခံမှာ ဗိုလ်ခင်ညွန့်ပဲ လုပ်လုပ်၊ ဗိုလ်စိုးဝင်းပဲလုပ်လုပ်၊ ဘယ်သူပဲလုပ်လုပ် တိုင်းပြည်နှင့် ပြည်သူလူထုကြီးအတွက် ဘာကောင်းကျိုးမှမမြင်ပါ။ ဆိုးသထက်သာ ပိုဆိုးသွားမှာ သေချာနေပါသည်။ ကျနော်တို့ ဘာလုပ်ကြမည်နည်း။

နိုင်ငံတကာ စောင့်ကြည့်အကဲခတ်သူများ၏ လေ့လာချက်အရ အဂတိလိုက်စား အကျင့်ပျက်မှုတွင် စောင့်ကြည့်ခံ ၁၄၅ နိုင်ငံအနက် ကျနော်တို့နိုင်ငံက ၁၄၂ နဲ့ ဗိုလ်စွဲနေပြီး သတင်းစာလွတ်လပ်ခွင့်မရှိခြင်းတွင် စောင့်ကြည့်ခံ ၁၆၇ နိုင်ငံအနက် ကျနော်တို့နိုင်ငံက ၁၆၅ နှင့် စံချိန်တင်ထားပြန်ပါသည်။

အများ၏ လေးစားကြည်ညိုခြင်းကိုခံရသော ဆရာမကြီး လူထုဒေါ်အမာ ထောက်ပြသလို မြန်မာနိုင်ငံ၏ လက်ရှိ စီးပွားရေးအခြေအနေမှာ ဘယ်အခါထက်မဆို အဆိုးဆုံးအဆင့်သို့ ထိုးကျနေပြီး တိုင်းပြည်သည် ဒေါ်အောင်ဆန်းစုကြည် ထောက်ပြသလို အလုံးစုံပျက်သုဉ်းရေး လမ်းကြောင်းပေါ်သို့ အချိန်မရွေး တက်သွားနိုင်သည့် အခြေအနေသို့ ရောက်ရှိနေပါသည်။

သေချာသည်မှာ ယနေ့ပြဿနာသည် ဗိုလ်ခင်ညွန့်နေရာတွင် ဗိုလ်စိုးဝင်းကို ပြောင်းလိုက်ရုံဖြင့် ဘာမျှဖြစ်မလာပါ။ ညောင်နှစ်ပင် ညီလာခံနည်းနှင့်တော့ ဗိုလ်ခင်ညွန့်ပဲလုပ်လုပ်၊ ဗိုလ်စိုးဝင်းပဲလုပ်လုပ် ဘာမျှ ဖြစ်လာမည်မဟုတ်ပါ။ ကျနော်တို့ဘက်က လုပ်စရာရှိတာတွေကို ခြေလှမ်းရှိရှိ လုပ်နိုင်ကြဖို့သာဖြစ်ပါသည်။ အဖွဲ့အစည်းတိုင်းသည် အဖွဲ့အစည်းတွင်း ညီညွတ်ရေး၊ အဖွဲ့အစည်းအချင်းချင်း ညီညွတ်ရေး၊ အဖွဲ့အစည်းနှင့် ကိုယ့်ပြည်သူအကြား ညီညွတ်ရေးတွေကို အခိုင်အမာတည်ဆောက်ပြီး ဖြစ်ပေါ်လာသည့် အခွင့်အလမ်းဟူသမျှကို အရယူနိုင်ကြဖို့ သတိရှိရှိ အမြော်အမြင်ရှိရှိဖြင့် ပြင်ဆင်အားထုတ်ကြရမည် ဖြစ်ပါသည်။ ။

## တရုတ်ပြည်သွားမယ့် အိန္ဒိယပြန်ရာဇာလီနဲ့ မြန်မာဝန်ကြီးချုပ်သစ်

မြန်မာနိုင်ငံက ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အိန္ဒိယကို ရောက်ရှိနေစဉ်မှာပဲ ကုလအတွင်းရေးမှူးချုပ်ရဲ့ အထူးကိုယ်စားလှယ် မစ္စတာရာဇာလီလည်း အိန္ဒိယကို ရောက်သွားတယ်လို့ သတင်းများအရသိရပါတယ်။ အဲဒီအချိန် ဗိုလ်ချုပ်မှူးကြီးတစ်ယောက် အခြွေအရံအပြည့်အစုံနဲ့ ဗုဒ္ဓဂါယာကို ဘုရားဖူးထွက်နေချိန်လို့ဆိုပါတယ်။

ရာဇာလီရဲ့ရည်ရွယ်ချက်ကတော့ လက်ရှိ မြန်မာပြည်ရဲ့ အခြေအနေပေါ် အိန္ဒိယနိုင်ငံရဲ့အမြင်ကို မေးမြန်းတီးခေါက်ဖို့ဖြစ်ပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေရဲ့အမြင်ကို အိန္ဒိယအရာရှိများထံကတစ်ဆင့် စူးစမ်းဖို့ပါတဲ့။

ဒါ့အပြင် လာမယ့်အပတ်အတွင်းမှာလည်း မစ္စတာရာဇာလီ တရုတ်ပြည်ကို သွားပါဦးမယ်။ မလေးရှားဝန်ကြီးချုပ် အာမက်ဘာဒါဝီရဲ့ ခရီးစဉ်မှာ လိုက်ပါသွားမှာပါ။ ဒီအခွင့်အရေးကို အသုံးပြုပြီး မြန်မာပြည်ကိစ္စကို တရုတ်အာဏာပိုင်တွေနဲ့ ပြောဆိုဆွေးနွေးမယ်လို့ ဆိုပါတယ်။ အခုတစ်ခေါက် မစ္စတာရာဇာလီရဲ့ တရုတ်ပြည်ခရီးစဉ်ဟာ (မြန်မာပြည်ကိစ္စနဲ့ ပတ်သက်ရင်) ဒုတိယအကြိမ်ဖြစ်ပြီး လွန်ခဲ့တဲ့ မေလအတွင်း ဒီပဲရင်းလုပ်ကြံမှုကြီးဖြစ်အပြီးမှာ ပထမအကြိမ် သွားရောက်ခဲ့ဖူးပါတယ်။

တိုက်ဆိုင်စွာပဲ မြန်မာနိုင်ငံရဲ့ ဝန်ကြီးချုပ်အသစ်စက်စက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းလည်း လာမယ့် နိုဝင်ဘာလ ၂ ရက်နေ့ကနေ ၅ ရက်နေ့အထိ တရုတ်ပြည်ကို သွားရောက်မယ်လို့ သိရပါတယ်။ ဂွမ်ဇီဇုန် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၊ နန်နင်းမြို့မှာပြုလုပ်မယ့် ‘စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ တရုတ်–အာဆီယံ ထိပ်သီးအစည်းအဝေး’ သွားတက်မှာပါ။ အဲဒီလိုဆိုရင်ဖြင့် ဒီခရီးစဉ်ဟာ ဗိုလ်စိုးဝင်းရဲ့ ဝန်ကြီးချုပ်အဖြစ် ပထမဆုံး နိုင်ငံခြားခရီးစဉ်ဖြစ်ပါလိမ့်မယ်။ ။

# ဟသ်ာကိုးသောင်း တပ်မတော်

စစ်အာဏာရှင်တွေဟာ သူတို့လက်ထဲမှာ အာဏာကို ဆက်လက်ချုပ်ကိုင်ထားနိုင်ဖို့အတွက် တပ်မတော်ကိုပဲ လက်ကိုင်တုတ်အဖြစ် အသုံးချပြီး ပြည်သူ့ဆန့်ကျင်ရေး၊ သွေးချောင်းစီးသတ်ဖြတ်နှိပ်ကွပ်ရေးတွေကို တလျှောက်လုံး လုပ်ခဲ့ပါတယ်။ တပ်မတော်အတွင်းမှာ စည်းလုံးညီညွတ်နေရင် သူတို့ကိုပါ ဆန့်ကျင်ဖယ်ရှားပစ်မှာ စိုးရိမ်ထိတ်လန့်တဲ့အတွက် တပ်မတော်အတွင်းမှာလည်း အချင်းချင်းသွေးကွဲနေအောင် တမင် ခွဲခြားအုပ်ချုပ်တဲ့စနစ်ကို အသုံးပြုခဲ့ပါတယ်။ တပ်မတော်အတွင်းက တိုးတက်တဲ့ အမြင်ရှိသူ တပ်ခေါင်းဆောင်တွေကို အမြဲစောင့်ကြည့် ဖယ်ရှားပစ်နေဖို့ စစ်တပ်အတွင်းက လူပါး၊ လူနပ်၊ လူလည်တွေကို စိစစ်ရွေးချယ်ပြီး စစ်ထောက်လှမ်းရေးတပ်အဖြစ် စုဖွဲ့ တာဝန်ပေးထားခြင်းဖြစ်ပါတယ်။ ဒီလုပ်ရပ်ဟာ တပ်မတော်အတွင်းမှာ အချင်းချင်းရန်တိုက်ပေးထားပြီး အပြန်အလှန်ထိမ်းညှိတဲ့ နည်းစနစ်တွေအများအပြားထဲက တစ်ခုသာ ဖြစ်ပါတယ်။

စစ်ထောက်လှမ်းရေးအဖွဲ့ဟာ တိုက်ခိုက်ရေးတပ်တွေနဲ့စာရင် အင်အားအရ မယှဉ်နိုင်ပေမယ့် တိုက်ခိုက်ရေးတပ်တွေကို ခြိမ်းခြောက်နိုင်တဲ့ လုပ်ပိုင်ခွင့်တွေကို သာသာထိုးထိုး ပေးအပ်ထားခြင်းခံရတဲ့ အဖွဲ့အစည်းဖြစ်ပါတယ်။ ဗိုလ်လောင်းသင်တန်း လျှောက်ထားသူကအစ၊ ဒုတိယဗိုလ်မှူးကြီး၊ ဗိုလ်မှူးကြီးအဆင့်တွေအထိ ရာထူးတိုးမြှင့်ပေးဖို့နဲ့ အရေးယူထုတ်ပစ်ဖို့ကို စစ်ထောက်လှမ်းရေးတပ်ဆွယ်တွေ၊ တပ်ခွဲတွေ၊ တပ်ရင်းတွေက ထောက်ခံချက်ပေးရတဲ့ အခွင့်အာဏာတွေ ပေးအပ်ထားပါတယ်။

ဒါ့အပြင် စစ်တိုင်းတွေအတွင်းမှာ တိုင်းမှူးတွေကအစ တိုက်ခိုက်ရေးတပ်တွေအားလုံးရဲ့ လှုပ်ရှားမှုတွေကိုလည်း စစ်ထောက်လှမ်းရေးအဖွဲ့က နေ့စဉ်ထောက်လှမ်းပြီး အထက်ကို အချိန်နဲ့တပြေးညီ တင်ပြအစီရင်ခံရတဲ့ လုပ်ပိုင်ခွင့်တွေကိုလည်း ပေးအပ်ထားပါတယ်။ ဒါကြောင့် တိုက်ခိုက်ရေးတပ်တွေက ဗျူဟာမှူးလောက် အဆင့်ရှိသူတွေကတောင် တပ်ကြပ်အဆင့်လောက်သာရှိတဲ့ စစ်ထောက်လှမ်းရေးတွေကို ရွံရှာ ကြောက်လန့်နေကြရတာဖြစ်ပါတယ်။

စစ်အာဏာရှင်တွေက ဒီလိုဖြစ်အောင် တမင်လုပ်ထားတာမို့ ဒီလိုဖြစ်နေတာဟာ စစ်ထောက်လှမ်းရေး တပ်ဖွဲ့ဝင်တွေရဲ့ အပြစ်သက်သက်လို့ ပုံချမယ်ဆိုရင် တရားမျှတမှာမဟုတ်ဘူးလို့ယူဆပါတယ်။ နအဖစစ်အုပ်စုအတွင်း အခုနောက်ဆုံးဖြစ်ပွားခဲ့တဲ့ ဖြုတ်ထုတ်ရှင်းပွဲတွေဟာ စစ်ထောက်လှမ်းရေးအဖွဲ့က ဥပဒေလက်လွတ် လုပ်နေကြလို့ဆိုတာထက် ဥပဒေလက်လွတ်လုပ်နေကြတဲ့ နအဖ ထိပ်သီးခေါင်းဆောင်ကြီးတွေ အချင်းချင်းအကြားက၊ အာဏာလုပွဲ၊ စားခွက်လုပွဲတွေကြောင့် ဖြစ်ပွားခဲ့ရတာဖြစ်ပါတယ်။ ထိပ်ဆုံး အာဏာရှင်ကြီးရဲ့ အမိန့်နဲ့အလိုဆန္ဒကို စစ်ထောက်လှမ်းရေးညွှန်ချုပ်ဆိုသူက မလိုက်နာရာက ဖြစ်ပွားရတဲ့ အာဏာအားပြိုင်ပွဲတစ်ခုသာ ဖြစ်ပါတယ်။

အာဏာရှင်ကြီးရဲ့အမိန့်ကို မနာခံတဲ့ ထောက်လှမ်းရေးအဖွဲ့တွေကို ဖျက်သိမ်းပြီး သူ့အမိန့်ကို တသွေမတိမ်းနာခံမယ့် ထောက်လှမ်းရေး ယန္တယားအသစ်တရပ်နဲ့ အစားထိုးဖို့ ပြင်ဆင်တာဖြစ်ပါတယ်။

"ဘယ်သူခွဲခွဲ ဒို့မကွဲ၊ အမြဲစည်းလုံးမည်"၊ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"၊ "တပ်မတော်သာအမိ၊ တပ်မတော်သာအဖ"၊ "တပ်မတော်ဖြိုခွဲသူ ဒို့ရန်သူ"၊ "ဘေးပြောတာကို မယုံနဲ့၊ သွေးပြောတာကို ယုံ"၊ "တပ်မတော်သည် အမျိုးသားရေးကို ဘယ်တော့မှသစ္စာမဖေါက်"၊ "ခြောက်တိုင်းလည်း မကြောက်နဲ့၊ မြှောက်တိုင်းလည်း မမြောက်နဲ့၊ ချော့တိုင်းလည်း မပျော့နဲ့"၊ "ဒို့တာဝန်အရေးသုံးပါး" စတဲ့ ဆောင်ပုဒ်တွေ၊ ကြွေးကြော်သံတွေ အဆက်မပြတ် ထုတ်နေယုံလောက်နဲ့ တစုံလုံး ပြိုလဲလုလုဖြစ်နေတဲ့ မြန်မာ့တပ်မတော်ကြီးကို ပြန်လည်ညီညွတ်လာအောင် ကျားကန်ပေးနိုင်ဖို့ဆိုတာဘယ်လိုမှ မဖြစ်နိုင်တော့ပါဘူး။ ဘယ်သူကမှ လာခွဲနေတာမဟုတ်ဘဲ နအဖစစ်အုပ်စုအတွင်း အချင်းချင်းခွဲ၊ အချင်းချင်းကွဲနေကြတာမို့ ဘယ်လိုတန်ခိုးတော်ရှင်မျိုးသော်မှ ကယ်တင်နိုင်ခြင်းငှါ စွမ်းလိမ့်မယ်လို့ မထင်မိပါဘူး။

ဒါကြောင့် ဇာတ်တူသားစားမိကြလို့ "ဟသ်ာကိုးသောင်း" ပျက်ခဲ့ရသလို နအဖရဲ့ မြန်မာ့တပ်မတော်အတွင်းလည်း အချင်းချင်း ဖြုတ်ထုတ်ရှင်းပွဲတွေ ခြိမ့်ခြိမ့်သဲကျင်းပပြီး ဇာတ်တူသားချင်း မြိန်ရေယှက်ရေ စားနေကြပြီဖြစ်လို့ တစုံလုံး ပြိုလဲချုပ်ငြိမ်းမယ့် အချိန်ကိုရောက်ဖို့ လက်တစ်လုံးသာလိုတော့ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

*ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနက ထုတ်ဝေဖြန့်ချိသည့် အပတ်စဉ် ပြည်တွင်းသတင်းသုံးသပ်ချက်၊ အမှတ်စဉ် (၁၆၉) မှ ကောက်နုတ်ဖော်ပြခြင်း ဖြစ်ပါသည်။*



# ပြောသလို တကယ်လုပ်မှာလား ...

အောက်တိုဘာလ ၂၄ ရက်နေ့က နအဖအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်းနှင့် ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့သည် စီးပွားရေး လုပ်ငန်းရှင်များအား အဓိကဦးတည်ချက်ထား၍ ရှင်းလင်းပွဲတစ်ခု ပြုလုပ်ခဲ့သည်။

သို့သော် ၎င်းတို့၏ ရည်ရွယ်ချက်မှာမူ တပ်မတော်အပါအဝင် ပြည်သူများ၊ နိုင်ငံရေးပါတီ အဖွဲ့အစည်းများ၊ အပစ်အခတ် ရပ်စဲထားသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် နိုင်ငံတကာသို့ ၎င်းတို့ ရှေ့ဆက်သွားမည့် ခြေလှမ်းများ၊ နိုင်ငံရေးလမ်းစဉ်များနှင့် ပတ်သက်၍ အတိအလင်း ကြေညာလိုက်ခြင်းဖြစ်သည်။

ဗိုလ်ချုပ်ကြီးသူရရွှေမန်းက *'အမျိုးသားညီလာခံကြီးအပါအဝင် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် ၇ ရပ်ကို အောင်မြင် ပြီးမြောက်သည်အထိ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်'* ဟူ၍ ပြောသွားသည်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကလည်း *'အတိအလင်း ကြေညာထားပြီးဖြစ်တဲ့ နိုင်ငံတော်ရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး မူဝါဒများကို ဆက်လက် ကျင့်သုံး အကောင်အထည်ဖော်သွားမှာ ဖြစ်ကြောင်းနှင့် မည်သည့် အကြောင်းရင်းနှင့်မျှ နိုင်ငံတော်၏ ဦးတည်ချက်များဟာ ပြောင်းလဲစရာမရှိ'* ဟု ထပ်လောင်း အတည်ပြု ပြောဆိုပြန်သည်။

ထိုပြောဆိုချက်များက ၎င်းတို့၏ နဂိုမူလ ရပ်တည်ချက်အတိုင်း သာဆက်သွားမည်ဖြစ်ပြီး နိုင်ငံရေးအရ ဘာမျှအပြောင်းအလဲမရှိဟု ကောက်ယူရနိုင်ပေသည်။ ထို့ထက် တစ်ဆင့်တက် ကောက်ချက်ချရမည် ဆိုပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်တို့အပါအဝင် နိုင်ငံရေးပါတီအားလုံး၏ အခန်းကဏ္ဍနှင့် ၉၀ ခုနှစ် ရွေးကောက်ပွဲရလဒ်ကို လုံးဝ အသိအမှတ်မပြုကြောင်း၊ ကုလသမဂ္ဂ အပါအဝင် နိုင်ငံတကာက အစဉ်တစိုက် တောင်းဆိုလျက်ရှိသည့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် နိုင်ငံရေးအကျဉ်းသားများအား လွှတ်ပေးရေး၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများအား လွတ်လပ်စွာ လုပ်ဆောင်ခွင့်ပေးရေး၊ တွေ့ဆုံဆွေးနွေး အဖြေရှာရေး ဆိုသည့် အချက်များကို ဆက်လက် မျက်ကွယ်ပြုထားခြင်းဖြစ်သည်ဟုသာ မလွဲမရှောင်သာ ဆိုရပေမည်။

*'ယခင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများအရ အမိန့်မနာခံမှု၊ အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူမှုများနှင့် ပတ်သက်၍ ဆက်စပ်ပတ်သက် တာဝန်ရှိနေမှုတို့ကြောင့် ဥပဒေနှင့်မညီသည့် မလုပ်သင့်သည့် ကိစ္စများကို ပြောဆိုညွှန်ကြားစီစဉ်ခဲ့မှုကြောင့် ယခုကဲ့သို့ တာဝန်မှ အနားပေးခဲ့ရခြင်း ဖြစ်ကြောင်း၊ တပ်မတော်၏ အစိတ်အပိုင်းအားလုံးသည် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကြရမည်သာဖြစ်ကြောင်း'* စသဖြင့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ပြောဆိုချက်များမှာ စစ်အုပ်စု အာဏာတည်မြဲရေးအတွက်ဆိုလျှင် မည်သူ့ကိုမျှထားမည်မဟုတ်ကြောင်း တပ်မတော်သားအားလုံးသို့ သတိပေးလိုက်ရာရောက်ပေသည်။

၎င်းပြောဆိုသည့်အတိုင်းဆိုလျှင် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဥပဒေအရ တရားစွဲဆို အပြစ်ပေးရပေမည်။ ယခုကဲ့သို့ ရာထူးမှအနားပေးလိုက်ရုံဖြင့် ပြည်သူအပေါ် ကျူးလွန်ထားသောပြစ်မှုများအတွက် လုံလောက်သော အပြစ်ပေးမှုဖြစ်မည်မဟုတ်ပေ။

*'မည်သူမျှ ဥပဒေ၏အထက်တွင် ကင်းလွတ်စွာမရှိ၊ ပြည်သူများအပေါ် မောက်မာစွာဆက်ဆံခြင်း၊ အနိုင့်အထက် ပြုကျင့်ခြင်းများ အပါအဝင် ဥပဒေနှင့်မညီညွတ်သော၊ ဥပဒေကို ဆန့်ကျင် ချိုးဖောက်သော ဖြစ်စဉ်ဖြစ်ရပ်များ ပေါ်ပေါက်သည့်အခါတိုင်း မိမိတို့ တိကျ ထိရောက်စွာ အရေးယူဆောင်ရွက်ခဲ့သည်၊ လူပုဂ္ဂိုလ်တိုင်း ဥပဒေအရာတွင် တပြေးညီ သာဖြစ်သည်ဟူသော သဘောထားနှင့်အညီ အရေးယူဆောင်ရွက်သည်မှာ မိမိတို့တပ်မတော်က အစဉ်တစိုက် လက်ကိုင်ကျင့်သုံးနေသော မူဝါဒပင် ဖြစ်သည်'* စသည့် ပြောဆိုချက်များမှာ ကြားရသူများအဖို့ အတော်ပင် နားထောင်ကောင်းဖွယ် ဖြစ်ပေမည်။

သို့သော် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရာထူးမှဖယ်ရှားပြီး အကျယ်ချုပ်ချထားရုံဖြင့် နအဖသည် ဥပဒေနှင့်အညီလုပ်ဆောင်သော အဖွဲ့အစည်း ဖြစ်ကြောင်း ယုံကြည်ဖို့ရာ ဖြစ်နိုင်ချေမရှိပေ။ ဥပဒေနှင့်မညီဘဲ နေအိမ်အကျယ်ချုပ်ချထားခြင်း ခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်နှင့် ထောင်ကျနှစ်ကုန်ဆုံးသော်လည်း ၁၀(က) ဖြင့် ဆက်လက် ဖမ်းဆီး ချုပ်နှောင်ထားသည့် နိုင်ငံရေးအကျဉ်းသားများအား အနိမ့်ဆုံးအဆင့်အနေဖြင့် ပြန်လွှတ်ပေးသင့်ပေသည်။

ထို့ပြင် ဥပဒေလက်လွတ် အကြမ်းဖက်လုပ်ဆောင်ခဲ့သည့် ဒီပဲရင်း လုပ်ကြံမှုကြီးနှင့် ပတ်သက်၍လည်း ဖြစ်ရပ်မှန်ကို စုံစမ်းစစ်ဆေး ဖော်ထုတ်ခြင်း၊ တာဝန်ရှိသူများအား ထိုက်သင့်သလို အရေးယူအပြစ်ပေးခြင်းများ မလွှဲမသွေ လုပ်ဆောင်ရပေမည်။ ထိုသို့သော အပြုသဘောဆောင် လုပ်ဆောင်မှုများကသာလျှင် လက်တစ်ဆုပ်စာ စစ်ဗိုလ်ချုပ်ကြီးများ ကြောင့် ညှိုးနွမ်းနေရသော တပ်မတော်၏ ဂုဏ်သိက္ခာကို ပြန်လည် မြှင့်တင်ရန် ခြေလှမ်းကောင်းများဖြစ်ပေမည်။




လုပ်ငန်းရှင်များအား မိန့်ခွန်းပြောအပြီး နှုတ်ဆက်နေသည့် ဗိုလ်ချုပ်ကြီးရွှေမန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း။ (နှုတ်ဆက်နေသည့်ထဲမှ တစ်ဦး(မျက်မှန်မပါ)မှာ ဇေကမ္ဘာကုမ္ပဏီပိုင်ရှင် ကမ္ဘောဇဦးခင်ရွှေ ဖြစ်သည်။)

'ဥပဒေနှင့်အညီ' ဆိုသည့်စကား၏ မူလ တရားကိုယ်သဘောတွင် လူပုဂ္ဂိုလ် ဘက်မရှိပေ။ သို့သော် ကျွန်ုပ်တို့ ပြည်သူပြည်သားများအားလုံး၏ နှစ်ပေါင်း ၄၀ ကျော် အတွေ့အကြုံများအရမူ မြန်မာပြည်ကို အစဉ်အဆက် အုပ်စိုးခဲ့သူများ၏ ဥပဒေဆိုသည်မှာ ရာဘာတံဆိပ်တုံးဥပဒေသာ ဖြစ်ပေသည်။ ထိုအတွေ့အကြုံများကပင် ပြောစကားများချည်းသက်သက်အား ယုံကြည်ခြင်းမရှိရန် သင်ကြားပေးခဲ့ပြီးဖြစ်သည်။

ယခုတာဝန်ယူထားသည့် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်တို့မှာ စစ်တပ်က အာဏာသိမ်းခဲ့သည့် လွန်ခဲ့သော ၁၆ နှစ်ကျော်က အလယ်အလတ်အဆင့် စစ်ဖက်အရာရှိများသာဖြစ်ပေသည်။ ယနေ့အချိန်တွင် တိုင်းပြည်ရှိ ပြည်သူပြည်သားအားလုံး၊ တကမ္ဘာလုံးက လိုလားတောင့်တနေသည့် အကောင်းဖက်သို့ ဦးတည်သော ဖြစ်ပေါ်ပြောင်းလဲမှုများအား ဖော်ဆောင်ပေးရန် အခွင့်အလမ်းကောင်း ထိုဗိုလ်ချုပ်ကြီးများတွင် ရှိနေပြီဖြစ်သည်။ ထိုအခွင့်အလမ်းကောင်းကို အမိအရဆုပ်ကိုင်ပြီး လုပ်ဆောင်ကြမည်ဆိုလျှင် ၎င်းတို့၏ရှေ့က စစ်ဗိုလ်ချုပ်များ ဘဝနိဂုံးချုပ်ခဲ့ရခြင်းမျိုးအား ရှောင်ရှားနိုင်မှာဖြစ်သည့်အပြင် မိမိတို့အားလုံး၏ တူညီသည့်ရည်ရွယ်ချက်ဖြစ်သော ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံသစ်ကြီးဆီသို့ အမြန်ချီတက်နိုင်မည် ဖြစ်ပေသည်။ ။

# ရန်ကုန်နဲ့ ပိုပို နီးကပ်လာတဲ့ ဒေလီ



*အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မန်မိုဟန်ဆင်းနှင့် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ*

ပြီးခဲ့တဲ့ရက်သတ္တပတ်က မြန်မာအစိုးရယန္တရားအတွင်းမှာ အာဏာလွှန်ဆွဲ မှုတွေကြောင့် နက်နက်ရှိုင်းရှိုင်းအက်ကွဲခဲ့ပေမယ့် နအဖ ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကတော့ ဇနီးနဲ့ကလေးတွေအပါအဝင် ကိုယ်ရံတော်တွေ၊ အစိုးရဝန်ကြီးတွေနဲ့ အဆွယ်အပွားတွေ လေယာဉ်တစ်စီးအပြည့်နဲ့အတူ ကြိုတင်စီစဉ်ထားတဲ့အတိုင်း တစ်ပတ်ကြာနေထိုင်ဖို့ အိမ်နီးခြင်း အိန္ဒိယနိုင်ငံကို နိုင်ငံ့ဦးသျှောင်အဖြစ် ၂၄ နှစ်အတွင်း ပထမဆုံးအကြိမ် အလည်အပတ်ရောက်ရှိနေပါပြီ။ အိန္ဒိယအစိုးရက ဒီခရီးစဉ်ကို သမိုင်းဝင်ခရီးစဉ်လို့ အမည်တပ်ပါတယ်။

၁၉၈၈ မြန်မာကျောင်းသားလှုပ်ရှားမှုကို အကြမ်းဖက်နှိပ်ကွပ်ပြီး တိုင်းပြည်ရဲ့အာဏာကို သိမ်းယူခဲ့စဉ်က အိန္ဒိယဟာ မြန်မာ စစ်ခေါင်းဆောင်တွေကို အရင်ဦးဆုံးပြစ်တင်ရှုတ်ချခဲ့တဲ့ အိမ်နီးချင်းနိုင်ငံပါ။ ရန်ကုန်မှာရှိတဲ့ အိန္ဒိယသံရုံးက မြန်မာကျောင်းသားတွေကို တက်တက်ကြွကြွ အားပေးထောက်ခံခဲ့တဲ့အပြင် အာဏာသိမ်းပြီးနောက်ပိုင်းမှာလည်း ကျောင်းသားအများအပြား အိန္ဒိယနိုင်ငံထဲကို ဝင်ရောက်ခိုလှုံခဲ့ကြတာဖြစ်ပါတယ်။ ကမ္ဘာ့လူဦးရေအများဆုံး ဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံအနေနဲ့ အဲဒီအချိန်တုန်းက မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားသူတွေကို ပြောင်ကျကျထောက်ခံတဲ့ပေါ်လစီ ကျင့်သုံးခဲ့တာကြောင့် မြန်မာစစ်အာဏာပိုင်များက လုံးဝ အဆက်အသွယ်ဖြတ်တောက်ခဲ့တဲ့ နိုင်ငံတစ်ခုအဖြစ်ကို ရောက်ခဲ့ရပါသေးတယ်။

သို့သော်လည်း မြန်မာပြည်သူတွေနဲ့အတူ ဆိုးတူကောင်းဖက်၊ ဒုက္ခသုခတွေကို အတူမျှဝေခံစားမယ့် မိတ်ဆွေရင်းနိုင်ငံအဖြစ် ၁၉၅၁ ခုနှစ် ဇူလိုင်လ ၇ ရက်နေ့မှာ မြန်မာနိုင်ငံနဲ့ စာချုပ်ချုပ်ဆိုခဲ့တဲ့၊ ၁၉၉၅ ခုနှစ်မှာ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ဂုဏ်ပြုပြီး ကြီးမြတ်လှတဲ့ Jawaharlal Nehru Award for International Understanding ဆုကြီး ပေးအပ်ချီးမြှင့်ခဲ့တဲ့ အိန္ဒိယရဲ့ မြန်မာအစိုးရအပေါ်ထားရှိတဲ့ သဘောထားတွေဟာ အခုဆိုရင် ပြောင်းလဲခဲ့ပါပြီ။

တစတစတိုးတက်လာနေတဲ့ တရုတ်ပြည်ရဲ့ မြန်မာ့နိုင်ငံရေး၊ စီးပွားရေးနဲ့ စစ်ရေးစစ်ရာကိစ္စတွေအပေါ် ဩဇာလွှမ်းမိုးလာမှု၊ အာဏာကို လက်မလွှတ်စတမ်း ထိန်းချုပ်ထားတဲ့ စစ်အစိုးရ၊ ကြီးထွားလာနေတဲ့ မြန်မာနိုင်ငံနဲ့ နယ်နိမိတ်ခြင်းထိစပ်နေတဲ့ အိန္ဒိယအရှေ့မြောက်ပိုင်းက သူပုန်များအရေး၊ မြန်မာပြည်ကနေ နယ်စပ်ကို ဖြတ်ကျော်ပြီး ဝင်ရောက်လာတဲ့ မူးယစ်ဆေးဝါးနဲ့ HIV/AIDS များ စိမ့်ဝင်ပြန့်နှံ့နေမှု၊ စီးပွားရေးဖွံ့ဖြိုးမှုအထောက်အကူပြုနယ်ပယ်တစ်ခုအဖြစ် အိမ်နီးချင်းနိုင်ငံများနဲ့ တည်ငြိမ်တဲ့ဆက်ဆံရေး တည်ဆောက်လိုမှု၊ အာဆီယံနိုင်ငံများဆီ ဦးတည်တဲ့ အရှေ့မျှော် (Look East) နည်းနာ၊ စီးပွားဖြစ်ထွန်းတိုးတက်မှုကို ရေရှည်ထိန်းထားနိုင်ဖို့အတွက် စွမ်းအင်အရင်းအမြစ်နဲ့ ဈေးကွက်သစ်များလိုအပ်လာမှု စတာတွေက ၁၉၉၀ ခုများအလယ်ပိုင်းလောက်မှာ အိန္ဒိယရဲ့ ပေါ်လစီကို မြန်မာစစ်အစိုးရနဲ့ လုံးဝမစေ့စပ်ရေးမူကနေ အလုပ်သဘောဆက်ဆံရေးအဖြစ် ပြောင်းလဲစေခဲ့တာပဲဖြစ်ပါတယ်။

တရုတ်ပြည်နဲ့ပါတ်သက်ပြီး အိန္ဒိယရဲ့စိုးရိမ်ချက်တွေကတော့ အက်ဒါမန်နဲ့နီကိုဘာကျွန်းစုတွေနားက မြန်မာပိုင်ကိုကိုးကျွန်းပေါ်မှာ ရေဒါစခန်းဆောက်လုပ်မှု၊ တရုတ်အနေနဲ့ ၎င်းတို့ရဲ့ရေတပ်များ အိန္ဒိယသမုဒ္ဒရာထဲမှာ နေရာချထားနိုင်ဖို့အတွက် ရန်ကုန်နဲ့ ဟန်ကြီးကျွန်းတွေကို ဆိပ်ကမ်းကောင်းတွေအဖြစ် တိုးချဲ့တည်ဆောက်လိုမှု၊ ယူနန်ပြည်နယ် ကွန်မင်းမြို့ကနေ ဧရာဝတီမြစ်အထိရှည်လျားတဲ့ လေးလမ်းပြိုင် အဝေးပြေးလမ်းမကြီး စတာတွေပဲဖြစ်ပါတယ်။ အဲဒီအရာတွေက အိန္ဒိယနိုင်ငံကို စစ်ရေးအရခြိမ်းခြောက်မှုရှိတယ်လို့ အိန္ဒိယကမှတ်ယူတာပါ။ ဝန်ကြီးချုပ်ဟောင်း ဗိုလ်ချုပ်ကြီးခင်ညွန့် ပါကစ္စတန်နိုင်ငံကို အလည်အပတ်သွားတုန်းကဆိုရင် ပီကင်း – ရန်ကုန် – အစ္စလာမ်မဘတ် မဟာမိတ်အဖွဲ့ ပေါ်လာမလားလို့တောင် အိန္ဒိယဆန်းစစ်လေ့လာသူအများအပြားက စိုးရိမ်ကြောင့်ကြမှု ဖြစ်ခဲ့ကြပါတယ်။ အိန္ဒိယအတွက် အခြား ရင်လေးစရာတစ်ခုကတော့ လိုဘတက်နေတဲ့ မြန်မာစစ်အာဏာပိုင်တွေရဲ့ လက်နက်ခဲယမ်းလိုအပ်ချက်တွေကို ပါကစ္စတန်နဲ့တရုတ်နိုင်ငံတွေက ဖြည့်ဆည်းပေးနေမှုပါပဲ။

နိုင်ငံတကာ ကာကွယ်ရေးဆန်းစစ်လေ့လာသူ ဝီလျံအက်ချ်တွန်ရဲ့ အဆိုအရ မြန်မာနိုင်ငံဟာ လွန်ခဲ့တဲ့ ၁၅ နှစ်အတွင်း နှစ်စဉ် အစိုးရဘတ်ဂျက်ရဲ့ ၃၅ ကနေ ၄၀ ရာနှုန်းအထိကို လက်နက်ကိုင်တပ်များအတွက် အသုံးပြုခဲ့တယ်လို့ဆိုပါတယ်။ မြောက်ကိုးရီးယား၊ ရုရှ၊ ယူကရိန်းနဲ့ ဆားဘီးယားနိုင်ငံတွေကနေ ခေတ်မီလက်နက်ခဲယမ်းများ ဝယ်ယူမှုနဲ့အတူ ခေတ်မီတပ်မတော်တစ်ခုအဖြစ် ရည်ရွယ်ချက်ကြီးကြီးနဲ့ တိုးချဲ့ခဲ့တဲ့ မြန်မာစစ်တပ်ဟာ အခုဆိုရင် ၁၉၈၈ ခုနှစ်ကထက် တပ်အင်အား နှစ်ဆ ကြီးထွားခဲ့ပြီး အရှေ့တောင်အာရှမှာ ဒုတိယအကြီးဆုံးစစ်တပ် ဖြစ်လာခဲ့ပြီ ဖြစ်ပါတယ်။ အချို့တွက်ချက်မှုတွေက ကမ္ဘာ့ ၁၅ ခုမြောက် အကြီးဆုံးတပ်လို့တောင်ဆိုကြပါသေးတယ်။

ဒီလိုတိုးတက်ကြီးထွားလာတဲ့ မြန်မာစစ်တပ်ရဲ့အနေအထားကို အိန္ဒိယပေါ်လစီရေးဆွဲသူတွေ လက်ပိုက်ကြည့်မနေနိုင်ကြတော့ပါဘူး။ သူတို့ရဲ့စဉ်းစားချက်တွေထဲမှာ တကယ်လို့များ မြန်မာစစ်တပ်အနေနဲ့ ခေတ်မမီတော့တဲ့ ဆိုဗီယက်ခေတ်လက်နက်ကြီးတွေကို ပြုပြင်အစားထိုးဖို့ ဆန္ဒရှိမယ်ဆိုရင် တချို့လက်နက်တွေကို အိန္ဒိယကနေ တင်ပို့နိုင်တယ်၊ အဲဒီလိုလုပ်ခြင်းအားဖြင့် အိန္ဒိယအတွက် မြန်မာနိုင်ငံနဲ့ စစ်ရေးအရ အချိတ်အဆက်တွေရှိလာနိုင်တဲ့အပြင် အိန္ဒိယထွက်ကုန်တွေအတွက်ပါ ဈေးကွက်တစ်ခုရလာမှာဖြစ်တယ် စတာတွေလည်းပါဝင်ကြပါတယ်။ နိုင်ငံရေးနဲ့ စီးပွားရေးလုပ်ငန်းတွေ အပြုသဘော ဆက်ဆံရေးအခြေအနေအောက်မှာ ချိန်သားကိုက် ပြန်လည် တွေ့ဆုံကြခြင်းများလားလို့တောင် ပြောရမလိုဖြစ်နေပါပြီ။

အိန္ဒိယမြေပေါ်မှာ လတ်တလော လုံခြုံရေးအရ ပိုစိုးရိမ်စရာကတော့ လူသန်း ၄၀ ကျော်နေထိုင်နေကြတဲ့ မြန်မာနယ်နိမိတ်နဲ့ထိစပ်နေတဲ့ အိန္ဒိယနိုင်ငံအရှေ့မြောက်ပြည်နယ်တွေက နှစ်ပေါင်းကြာရှည် တအုံ့နွေးနွေး ဖြစ်နေတဲ့ သူပုန်အဖွဲ့များပဲဖြစ်ပါတယ်။ အိန္ဒိယဗဟိုအစိုးရနဲ့ ဆယ်စုနှစ်များစွာ

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၆ မှ

ကြာအောင် တိုက်ခိုက်နေကြတဲ့ များပြားလှတဲ့ အဲဒီသူပုန်အဖွဲ့တွေဟာ မကြာသေးမီကာလတွေအတွင်းက ဈေးတွေကို ဗုံးခွဲဖျက်ဆီးတာ၊ မီးရထားတွေကို ပစ်ခတ်တိုက်ခိုက်တာနဲ့၊ ရွာသားတွေကို အိပ်ယာတွေပေါ်ကနေဆွဲချပြီး သတ်ပစ်တာ စတဲ့ အရင်ကနဲ့မတူတဲ့ ဆိုးဆိုးရွားရွား လုပ်ရပ်တွေကို လုပ်လာတာတွေ့ရပါတယ်။ သူပုန်တွေရဲ့ နောက်တန်းစခန်းတွေနဲ့ လုံခြုံစိတ်ချရတဲ့အိမ်တွေဟာ မြန်မာနဲ့ ဘင်္ဂလားဒေ့ရှ်နိုင်ငံတွေထဲမှာ ရှိနေကြတယ်၊ ပြဿနာရဲ့အရင်းခံဟာ အဲဒီနှစ်နိုင်ငံထဲမှာပဲ ရှိတယ်လို့ အိန္ဒိယအာဏာပိုင်တွေကဆိုပါတယ်။ ဒီသူပုန်တွေကိုနှိမ်နင်းဖို့အတွက် အိန္ဒိယအနေနဲ့ မြန်မာနိုင်ငံရဲ့ ပူးပေါင်းဆောင်ရွက်မှုကို မလွဲမသွေ လိုအပ်ပါလိမ့်မယ်။

တဖန် စီးပွားရေးဖက်ကိုကြည့်မယ်ဆိုရင် ၂၀၀၃ ခုနှစ် နောက်ဆုံးလေးလပတ်မှာ ၁၀.၄ ရာခိုင်နှုန်းတိုးတက်မှုရှိခဲ့တဲ့ အိန္ဒိယစီးပွားရေးဟာ ၂၀၀၄ ခုနှစ်မှာ ၆.၅ ရာခိုင်နှုန်းအထိ ကျဆင်းသွားနိုင်တယ်လို့ ခန့်မှန်းထားကြပါတယ်။ ဒီလိုဖြစ်ရတဲ့ အကြောင်းတရားတွေထဲမှာ လောင်စာဆီဈေးနှုန်းကြီးမြင့်မှုက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ အိန္ဒိယအာဏာပိုင်များကတော့ ရေနံဈေးနှုန်း တရိပ်ရိပ်တက်လာရခြင်းရဲ့ အဓိကတရားခံဟာ လိုအပ်တာထက်ပိုပြီး တနေ့ကို ရေနံပေပါ ၅၀၀,၀၀၀ ဝယ်ယူတဲ့ တရုတ်နိုင်ငံလို့ပဲ မြင်ပါတယ်။ အိန္ဒိယနဲ့ တရုတ်နိုင်ငံတွေအနေနဲ့ ၎င်းတို့ရဲ့ လောင်စာဆီလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ဖို့အတွက် ရေနံအရင်းအမြစ်တွေကို အာဖရိက၊ အာရှအလယ်ပိုင်းနဲ့ လက်တင်အမေရိကနိုင်ငံတွေမှာ အငမ်းမရရှာဖွေနေကြတာပါ။ အိန္ဒိယနိုင်ငံဆိုရင် စီးပွားရေးတိုးချဲ့လာတာနဲ့အမျှ စွမ်းအင်လိုအပ်ချက်တွေ ပိုများလာတာမို့ အမေရိကန်၊ ဂျပန်နဲ့ တရုတ်နိုင်ငံတွေနဲ့ပေါင်းပြီး ကမ္ဘာအနှံ့ စွမ်းအင်အထောက်အပံ့ ရှာဖွေရေးလုပ်ဆောင်နေပါပြီ။ ဒီလို အာရှမဟာအင်အားကြီး နှစ်နိုင်ငံအတွက်တော့ ရေနံပေပါ ၁၁၅ သန်းနဲ့ သဘာဝဓာတ်ငွေ့ ၃၁၄.၄ ဘီလီယံကုဗမီတာ သိုလှောင်ထားတဲ့ မြန်မာနိုင်ငံဟာ စွမ်းအင်တင်ပို့နိုင်ခြေ ပမာအဆင့်မှာသာ ရှိတဲ့ နိုင်ငံတစ်ခုအဖြစ်ပဲ ရှိနေပါသေးတယ်။ ဒါပေမယ့်လည်း နိုင်ငံတဝှမ်းမှာ စူးစမ်းရှာဖွေခြင်းမပြုရသေးတဲ့နေရာ အနှံ့အပြားရှိနေမှုနဲ့ နိုင်ငံနယ်နိမိတ်ခြင်းထိစပ်နေမှုတွေက အဲဒီနိုင်ငံကြီးတွေအနေနဲ့ မြန်မာနိုင်ငံကို အလားအလာရှိတဲ့ စွမ်းအင်အရင်းအမြစ်တစ်ခုအဖြစ် ပိုစိတ်ဝင်စားလာစေပါတယ်။

ဒေသဆိုင်ရာနဲ့ ကမ္ဘာ့မျက်နှာစာတွေမှာ အကြမ်းဖက်ဖျက်ဆီးဝါဒနဲ့ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စစ်လက်နက်တပ်ဆင်မှုများ၊ မဟာအာဏာလွန်ဆွဲမှု၊ နိုင်ငံတကာ ကုန်သွယ်ရေးနှင့် စွမ်းအင်အထောက်အပံ့ ပြိုင်ဆိုင်မှု၊ နိုင်ငံတော်အလည်အပတ်ခရီးစဉ်များရဲ့ ခံ့ညားထည်ဝါမှု၊ အမျိုးသားအကျိုးစီးပွားဆိုင်ရာ အနက်အဓိပ္ပါယ်ဖွင့်ဆိုခွင့်ကို ချုပ်ကိုင်ထားတဲ့ နိုင်ငံရေးသမားများရဲ့ ကြွားလုံးများ စတာတွေက နေရာယူထားကြတာပါ။ ဒီလိုအခြေအနေတွေအောက်မှာ အားအင်ချိနဲ့နေတဲ့ အထီးကျန်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ရုပ်ပုံလွှာဟာ အလွယ်တကူပဲ ပျောက်ကွယ်သွားနိုင်ပါတယ်။

"ကျနော်တို့ရဲ့နှလုံးသားက သူမနဲ့အတူရှိနေပါတယ်၊ ဒါပေမယ့် ကျနော်တို့ရဲ့ဦးနှောက်က စစ်အာဏာရှင်တွေနဲ့ဆက်ဆံဖို့ ကျနော်တို့ကို စေခိုင်းနေလေရဲ့"လို့ မကြာသေးမီက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မှာ ကျင်းပခဲ့တဲ့ မြန်မာပြည် ဒီမိုကရေစီ ပြန်လည်တည်ဆောက်ရေးညီလာခံတစ်ခုမှာ အိန္ဒိယစစ်ဘက်အရာရှိတစ်ဦးက ရှင်းပြသွားခဲ့ပါတယ်။

တကယ်လို့များ မဟာတ္တမဂန္ဒီနှင့် ဂျဝါဟာလာနေရူးတို့သာ သက်ရှိထင်ရှား ရှိနေသေးတယ်ဆိုရင်တော့ ခေတ်မီကမ္ဘာမှာ မိမိနေရာအတွက် ပန္နက်ရိုက်ဖို့ ချီတက်နေတဲ့ အိန္ဒိယရဲ့ 'စံ' နဲ့ပတ်သက်ပြီး မေးခွန်းထုတ်ကောင်း ထုတ်ပြီးလောက်ပါပြီ။ ။

*မှတ်ချက်။ ။ အောက်တိုဘာလ ၂၇ ရက်နေ့ထုတ် ဘန်ကောက်ပို့စ်သတင်းစာပါ ကုပ်စပ်က် ချူသိကွန်၏ တောင်အာရှ နိုင်ငံရေးသုံးသပ်ချက်ဆောင်းပါးကို ဆီလျော်အောင် ထုတ်နုတ်ဘာသာပြန်ဆိုပါသည်။*

စာမျက်နှာ ၁၀ မှ

မည့် ၂၀၀၂ ခုနှစ်မှနေ၍ သက္ကရာဇ် ၂၀၀၀ သို့ ပြောင်းလဲခဲ့ခြင်းဖြစ်ပြီး ကော်မတီက ၁၉၉၉ ခုနှစ်၊ နှစ်ကုန်ပိုင်းတွင် စောစီးစွာတင်သွင်းရန် အကြောင်းကြားခဲ့ခြင်းဖြစ်သည်။

စာချုပ်၏ အပိုဒ် ၇ တွင် မဲပေးပိုင်ခွင့်၊ အရွေးချယ်ခံပိုင်ခွင့်နှင့် အခြားသော နိုင်ငံရေးဘဝများတွင် ပါဝင်ပတ်သက်မှုကို အာမခံထားသည့်အပြင် အပိုဒ် ၈ တွင်လည်း နိုင်ငံတကာအဆင့်တွင် အမျိုးသမီးများ ပါဝင်ပတ်သက်လာစေရန် အာမခံပေးထားသည်။

နိုင်ငံသားတိုင်းသည် နိုင်ငံရေးတွင် ပါဝင်ခွင့်ရှိသည့်အတွက် အမျိုးသမီးများအနေဖြင့်လည်း ခွဲခြားမှုမရှိဘဲ လျှို့ဝှက်မဲပေးခြင်းစနစ်ဖြင့် ရွေးချယ်ခံခွင့်ရရေးသည် တန်းတူညီမျှမှုကို အကောင်အထည်ဖော်ဆောင်ရာတွင် မရှိမဖြစ်လိုအပ်သည့်အတွက် အစိုးရအနေဖြင့် လိုက်နာရန်လိုအပ်ပေသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ ကြေငြာစာတမ်း၏ အပိုဒ် ၂၁ နှင့် နိုင်ငံရေးနှင့် ပြည်သူ့အခွင့်အရေးဆိုင်ရာစာချုပ်၏ အပိုဒ် ၂၅ တွင်လည်း နိုင်ငံရေးဆိုင်ရာများတွင် လွတ်လပ်စွာ ပါဝင်နိုင်ရေးကို အာမခံချက် ပေးထားပေသည်။ အစိုးရ၏ ပြဋ္ဌာန်းထားသော ဥပဒေနှင့် အခြားမူဝါဒရေးရာ ကိစ္စများတွင် အမျိုးသမီးများ ပါဝင်နိုင်ရေးအတွက်လည်း ပြောဆိုထားသည်။ ထို့ပြင် ယဉ်ကျေးမှု၊ လူမှုရေးနှင့် စီးပွားရေး အစရှိသော အတားအဆီးများကြောင့် ပါဝင်နိုင်မှုလျော့နည်းနေခြင်းသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်း ဖြစ်နေသည်ဟု မပြောနိုင်ဟု ဆိုထားပေသည်။ ဒီမိုကရေစီမထွန်းကားသည့် မြန်မာနိုင်ငံတွင် အဘယ်နည်းနှင့်မျှ နိုင်ငံရေးဘဝများတွင် အမျိုးသမီးများ လွတ်လပ်စွာ ပါဝင်နိုင်ရေးဆိုသည်မှာ မဖြစ်နိုင်သည့်အပြင် မြန်မာစစ်အစိုးရသည် နိုင်ငံတကာ က အာမခံထားပေးသော ဥပဒေများကို ဖော်ဆောင်ရန်မဆိုထားနှင့် အထက်ပါစာပိုဒ်များတွင် တင်ပြထားသည့်အတိုင်း အမျိုးသမီးများ နိုင်ငံရေးတွင် ပါဝင်ပတ်သက်ပါက ခြိမ်းခြောက်မှုများ၊ အန္တရာယ်ပေးမှုများနှင့် အရေးယူအပြစ်ပေးခြင်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်နေသည်ကို တွေ့ရှိရသည်။

နိုင်ငံတကာ၌ အမျိုးသမီးများ နိုင်ငံရေးတွင် ပိုမိုပါဝင် ပတ်သက်လာခြင်းကို အားပေးနေသည့်အချိန်တွင် နအဖ၏ အပြစ်ပေးအရေးယူနေသည့် ပုံစံများသည် ရာဇဝတ်ပြစ်မှုဖြစ်သည့်အပြင် ဒီပဲယင်းလုပ်ကြံမှုတွင် ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံမှုသည် နိုင်ငံတကာ ရာဇဝတ်မှုဖြစ်ပြီး ထိရောက်သော အရေးယူမှုမျိုးပြုလုပ်ရန် လိုအပ်နေပြီဖြစ်သည်။

နအဖသည် စီးဒေါစာချုပ်တစ်ခုတည်းသာ သဘောတူထားခြင်းမဟုတ်ပေ။ ဘီဂျင်း+၅ ခေါ် ကမ္ဘာ့ကုလသမဂ္ဂက ကြီးမှူးကျင်းပသည့် အမျိုးသမီးညီလာခံက ချမှတ်ထားသော အမျိုးသမီးရေးဆိုင်ရာ အချက်များကိုလည်း သမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်သည်နှင့်အညီ အကောင်အထည်ဖော်ဆောင်ရန် သဘောတူညီထားပြီး ဖြစ်ပေသည်။ နိုင်ငံတကာ စံချိန်အတိုင်းဆိုပါက မဲပေးရုံသက်သက်သာ မဟုတ်သလို အရွေးချယ်ခံပိုင်ခွင့်နှင့် အခြားနိုင်ငံရေးဆိုင်ရာ ကိစ္စရပ်များတွင် အမျိုးသမီးများ ပါဝင်ပတ်သက်၍ နိုင်ငံရေးတွင် အင်အားတရပ်အဖြစ် ပါဝင်လာနိုင်သည်အထိ လုပ်ဆောင်ရမည်ဖြစ်ပေသည်။ သို့သော် နအဖသည် ပါဝင်နေသော အမျိုးသမီးများကိုပင် ဖမ်းဆီးထောင်ချ အပြစ်ပေးနေခြင်းသည် နိုင်ငံတကာစာချုပ်ကို ချိုးဖောက်ရာ ရောက်နေကြောင်း တင်ပြလိုက်ရပါသည်။ ။

## Contacts:

PO Box 83, Mae Sod
Tak 63110
Thailand
Email: democraticforum@csloxinfo.com

# စီးပွားရေးသည်သာ ...

## မြန်မာစစ်အုပ်စု အပြောင်းအလဲနှင့် ထိုင်းနိုင်ငံ

### သတင်းရဲ့အစ

မြန်မာနိုင်ငံမှာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ရာထူးက ဖယ်ရှားလိုက်တယ်ဆိုတဲ့သတင်းကို ပထမဆုံး လူသိရှင်ကြား ထုတ်ပြောခဲ့တာဟာ ထိုင်းဝန်ကြီးချုပ် သက်ဆင်ဖြစ်ပါတယ်။

မြန်မာစစ်အစိုးရအတွင်း ရာထူး အပြောင်းအရွှေ့ လုပ်တဲ့အချိန်ဟာ ထိုင်းနိုင်ငံမဲဆောက်မြို့မှာ ထိုင်းအစိုးရ အဖွဲ့ နယ်လှည့်အစည်းအဝေး ပြုလုပ်ဖို့ ၁ ရက်သာလိုတဲ့အချိန် ဖြစ်ပါ တယ်။ထိုင်းအစိုးရအဖွဲ့တွင်းက သတင်းများအရ အဲဒီ အောက်တိုဘာ ၁၈ ရက်နေ့ ည ၈ နာရီလောက်မှာပဲ



မြန်မာစစ်တပ်အတွင်း ထူးခြားတဲ့ လှုပ်ရှားမှုတွေရှိနေကြောင်း ဝန်ကြီးချုပ်သက်ဆင်ထံသို့ အစီရင်ခံတာတွေ ဝင်လာခဲ့ပါတယ်တဲ့။ ဒီသတင်းကြောင့် မြန်မာနိုင်ငံမြဝတီမြို့မှာ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့ တွေ့ဆုံမယ့်အစီအစဉ်ကို ဝန်ကြီးချုပ်သက်ဆင် ဖျက်သိမ်းလိုက်ရပါတယ်။ စီစဉ်ထားတဲ့အတိုင်းဆိုရင်တော့ နှစ်နိုင်ငံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ထိုင်း–မြန်မာနယ်စပ် ဖြစ်တဲ့ တပ်ခရိုင်ကို အထူးစီးပွားရေးဇုံအဖြစ်သတ်မှတ်ကြောင်း မဲဆောက်မြို့မှာပြုလုပ်မယ့် အစိုးရအဖွဲ့ အစည်းအဝေးက အတည်ပြု၊ ဒီသတင်းကို မြဝတီဖက်ကမ်းမှာ ဗိုလ်ချုပ်ကြီးခင်ညွန့်နဲ့တွေ့တဲ့အခါ လက်ဆောင်ပါးဖို့ စီစဉ်ထားတာပါ။

'ထိုင်းအစိုးရဟာ မြန်မာနိုင်ငံအခြေအနေကို မျက်ခြေမပြတ် လေ့လာစောင့်ကြည့်နေပါတယ်၊ အခုကိစ္စကြောင့် ဗိုလ်ချုပ်ကြီးခင်ညွန့် ဝန်ကြီးချုပ်ဘဝမှာ နှစ်နိုင်ငံ သဘောတူညီထားချက်တွေကို ထိခိုက်မှာ မဟုတ်ပါဘူး' လို့ ထိုင်းအစိုးရ ပြောရေးဆိုခွင့်ရှိသူ ဂျာခရာပေ့ါပင်ကိုင်က ပြောပါတယ်။

### မြန်မာဘက်က အခြေအနေ

တာချီလိတ်တဖက်ကမ်းက ချင်းရိုင်ခရိုင် မယ်ဆိုင်နဲ့ မြဝတီတဖက်ကမ်းက တပ်ခရိုင် မဲဆောက်မြို့တွေမှာရှိတဲ့ နယ်စပ်ဂိတ်တွေကို ဆက်လက်ဖွင့်လှစ်ထားပါတယ်။ ဒါပေမယ့် ထိုင်းနိုင်ငံဘက်ကနေ တင်ပို့တဲ့ ကုန်ပစ္စည်းတွေထဲက လောင်စာဆီကလွဲရင် ကျန်ကုန်ပစ္စည်းအားလုံးကို ခေတ္တရပ်ဆိုင်းထားဖို့ တာချီလိတ်–မယ်ဆိုင် နယ်စပ်ကော်မတီ အစည်းအဝေးတစ်ခုမှာ မြန်မာဘက်ကနေ ပြောဆိုခဲ့ပါတယ်။

### ထိုင်းအတိုက်အခံသဘောထား

ထိုင်းအထက်လွှတ်တော် နိုင်ငံခြားရေးရာကော်မတီဥက္ကဋ္ဌဖြစ်တဲ့ အထက်လွှတ်တော်အမတ် ခရိုင်ဆပ် ချွန်ဟာဝန်ကတော့ ထိုင်းအစိုးရဟာ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို နအဖအတွင်း သဘောထားမတင်းမာသူ တစ်ယောက်အနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို လုပ်နိုင်လိမ့်မယ် ဆိုတဲ့မျှော်လင့်ချက်နဲ့ သူ့ကို နိုင်ငံရေးစီးပွားရေးအရ ကူညီပံ့ပိုးမှုတွေ ပေးခဲ့တာမို့ အခုမြန်မာအစိုးရတွင်း အပြောင်းအလဲဟာ ထိုင်းနိုင်ငံကို တစ်နည်းနည်းနဲ့ ထိခိုက်မှာသေချာတယ်လို့ ဆိုပါတယ်။

ထိုင်းအစိုးရဟာ မြန်မာနိုင်ငံကို စီးပွားရေးအကူအညီတွေပေးခဲ့ရာမှာ ထိုင်း သွင်းကုန်ထုန်ကုန်ဘဏ်ကထုတ်ချေးတဲ့ ဘတ်ငွေ သန်းလေးထောင်လည်း ပါဝင်ပါတယ်။

မြန်မာနိုင်ငံနဲ့ စီးပွားရေးနိုင်ငံရေးအရ ဆက်ဆံရေးတွေကို ပြန်သုံးသပ်သင့်ကြောင်း 'မြန်မာအစိုးရအဖွဲ့အသစ်ရဲ့ ထိုင်းနိုင်ငံအပေါ်ထားတဲ့ မူဝါဒကို ရှင်းရှင်းလင်းလင်းမသိရသေးခင်မှာ အကူအညီပေးတဲ့ အစီအစဉ်အားလုံးကို ကျနော်တို့ ခေတ္တရပ်ဆိုင်းထားသင့်ပါတယ်။' မစ္စတာ ခရိုင်ဆပ်က ပြောခဲ့ပါတယ်။

### ထိုင်းစီးပွားရေးအလားအလာ

လတ်တလောမြန်မာ့နိုင်ငံရေးမတည်မငြိမ်ဖြစ်မှုက ထိုင်းနဲ့ နယ်စပ်ကုန်သွယ်ရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မဆိုစလောက်သာ ထိခိုက်စေနိုင်လိမ့်မယ်လို့ ထိုင်းစီးပွားရေးသမားများက မျှော်လင့်နေကြပါတယ်။

တပ်ခရိုင်ကုန်သည်ကြီးများအသင်းဥက္ကဋ္ဌ ဆူချတ်ထရီယုဝါထနာ က 'မြန်မာဘက်မှာ နယ်စပ်ဂိတ်တစ်ခုမှ ပိတ်ပစ်တာမျိုး မရှိသေးပါဘူး။ ဒီရက်ပိုင်းအတွင်း ကုန်သွယ်မှုပမာဏတော့ နဲနဲလျော့ကျသွားနိုင်ပါတယ်။' လို့ ဆိုပါတယ်။ မြန်မာအစိုးရအဖွဲ့သစ်အတွင်း ပေါ်လစီအပြောင်းအလဲ အနည်းငယ်သာ ရှိလိမ့်မယ်လို့ သူမျှော်လင့်ကြောင်းနဲ့ ထိုင်းအစိုးရအနေနဲ့လည်း မြန်မာနဲ့ ပူးပေါင်းဆောင်ရွက်ရေးပေါ်လစီကို ဆက်ကျင့်သုံးသင့်တယ်လို့ပြောပါတယ်။

ထိုင်းမြန်မာနယ်စပ်ကုန်သွယ်ရေးဟာ တစ်နှစ်ကို ပျမ်းမျှ ဘတ်ငွေ သန်း ၂၀,၀၀၀ (အမေရိကန်ဒေါ်လာ သန်း ၅၀၀) လောက်ရှိနေပါတယ်။ အဲဒီအထဲက တဝက်လောက်ဟာ တပ်ခရိုင် မဲဆောက်နယ်စပ်ဂိတ်ကနေ စီးဆင်းနေတာဖြစ်ပြီး ကျန်တဲ့တဝက်က ချင်းရိုင်နဲ့ ရနောင်းခရိုင်မှာရှိတဲ့ နယ်စပ်ဂိတ်တွေကနေ စီးဆင်းတာဖြစ်ပါတယ်။ နှစ်နိုင်ငံ အပြန်အလှန်ကုန်သွယ်မှုပမာဏဟာ ဒီနှစ် ပထမ ၈ လမှာ ဘတ်သန်းပေါင်း ၄၇,၀၀၀ ရှိခဲ့ပါတယ်။ ပြီးခဲ့တဲ့ ၂၀၀၃ ခုနှစ် တစ်နှစ်လုံးမှာတော့ ဘတ်သန်းပေါင်း ၅၅,၀၀၀ ရှိခဲ့ပါတယ်။ နှစ်နိုင်ငံအကြားကုန်သွယ်မှုဆိုင်ရာ အကန့်အသတ်တွေ လျှော့ချခဲ့တဲ့အတွက် မြန်မာနိုင်ငံဘက်ကို ထိုင်းကတင်ပို့တဲ့ပို့ကုန်ဟာ ၂၀၀၃ ကစပြီး ၃၀ ရာခိုင်နှုန်း တိုးတက်လာတာဖြစ်ပါတယ်။

ထိုင်းစီးပွားရေးလုပ်ငန်းရှင်တွေကတော့ စစ်အစိုးရအတွင်း အပြောင်းအလဲတွေကြောင့် စိုးရိမ်မကင်းဖြစ်နေကြပါတယ်။ ချင်းရိုင်ခရိုင် ကုန်သည်ကြီးများအသင်းရဲ့ဥက္ကဋ္ဌ ဆမ်ချိုင်း ခေတ္တရာ ထနာပိုင်ဘွန်းကတော့ မြန်မာပြည်တွင်းမှာရှိတဲ့ ထိုင်းစီးပွားရေးလုပ်ငန်းများရဲ လုံခြုံရေးအတွက် အကာအကွယ်ပေးဖို့ ထိုင်းအစိုးရအနေနဲ့ မြန်မာအစိုးရကို ဖိအားပေးသင့်တယ်လို့ ပြောဆိုပါတယ်။ 'မြန်မာပြည်မှာ အခြေအနေတွေ ရှင်းရှင်းလင်းလင်း

စာမျက်နှာ ၁၁ သို့

# ဗိုလ်ခင်ညွန့်ပြုတ်သွားပြီဆိုတော့ ဘာတွေများ ... (အဆက်)

"ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် ၂၀၀၃ ခုနှစ်၊ မေလကတည်းက နေအိမ်အကျယ်ချုပ်ချခံထားရသော ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့၏ ကောင်းကျိုးချမ်းသာကိစ္စအတွက် အထူးပင် စိုးရိမ်ပူပန်မိသည်။ သူတို့အား ထပ်မံ နှောင်းနှေးမှုမရှိစေဘဲ အမြန် ပြန်လွှတ်ပေးရန် မြန်မာအာဏာပိုင်များသို့ သူ၏ တောင်းဆိုချက်ကို ထပ်မံဖော်ပြလိုက်သည်။"

**ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သတင်းထုတ်ပြန်ချက်**

"မြန်မာနိုင်ငံက ဖြစ်ပေါ်တိုးတက်မှုတွေကို ကျမတို့ ကောင်းကောင်း သတိထားမိပါတယ်။ မြန်မာနိုင်ငံရဲ့ လူမှုအဖွဲ့အစည်းတည်ငြိမ်မှုကို ထိန်းသိမ်းနိုင်လိမ့်မယ်လို့ မိတ်ဆွေရင်းအိမ်နီးချင်းနိုင်ငံတစ်နိုင်ငံအနေနဲ့ ကျမတို့ ရိုးရိုးသားသား မျှော်လင့်ပါတယ်။ အမျိုးသား ပြန်လည်ရင်ကြားစေ့ရေးနဲ့ ဒီမိုကရေစီဖြစ်စဉ် ရှေ့ဆက်သွားနိုင်လိမ့်မယ်လို့လည်း ကျမတို့မျှော်လင့်ပါတယ်။"

**ဇန်ချီယူး၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရအမျိုးသမီး**

"လူ့အခွင့်အရေးနဲ့ နိုင်ငံရေးဆိုင်ရာ လွတ်လပ်ခွင့်တွေကို ကျင့်သုံးဖို့ ခွင့်ပြုမယ့်လမ်းကြောင်းကို ကျနော်တို့စောင့်ကြည့်နေတဲ့ ဖြစ်ရပ်တွေက ညွှန်ပြမနေပါဘူး။ စစ်မှန်တဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဦးတည်တဲ့ အဓိပ္ပါယ်ပြည့်ဝတဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ မြန်မာနိုင်ငံကို ဆက်ပြီးတောင်းဆိုပါတယ်။"

**ရစ်ချတ်ဘောင်ချာ၊ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြောခွင့်ရပုဂ္ဂိုလ်**

"မြန်မာပုံစံ ဒီလိုမျိုး (အပျော့စား) အာဏာအပြောင်းအလဲတွေ ဟိုတုန်းကတည်းက မြန်မာပြည်မှာ ဖြစ်ခဲ့ဖူးပါတယ်။ တခြားအာရှနိုင်ငံတွေမှာရှိတဲ့ ကျနော်တို့ သံရုံးတွေကနေ တစ်ဆင့်လည်းပဲ (ဒီ နောက်ဆုံးဖြစ်ရပ်ဟာ) ကြီးကြီးမားမား သက်ရောက်မှု ရှိ–မရှိ ကျနော်တို့ ကြည့်ချင်ပါတယ်။"

**ဟိရိုယုကိ ဟိုဆိုဒ၊ ဂျပန်အစိုးရအဖွဲ့ အတွင်းဝန်ချုပ်**

"မြန်မာနိုင်ငံဟာ လှပတဲ့တိုင်းပြည်တစ်ခုပါ။ သို့သော် အင်မတန်အရုပ်ဆိုးလှတဲ့ စစ်အုပ်စုက အုပ်ချုပ်နေပြီး အခုတော့ ပိုအကျည်းတန်ရပြီပေါ့။"

**Economist မဂ္ဂဇင်း၊ အောက်တိုဘာ ၂၀**

"ခင်ညွန့်ကို လာဘ်စားမှုနဲ့ ဖမ်းတယ်ဆိုတော့ မြန်မာပြည်ကလူတွေအတွက် ရီစရာကြီးပေါ့ရှင်။ စစ်အုပ်ချုပ်ရေးတစ်ခုလုံးကိုက လာဘ်စားမှုပေါ်မှာ တည်ဆောက်ထားတဲ့ဟာပဲ။"

**ဒက်ဘီ စတုသာ့ဒ်၊ ထိုင်းနိုင်ငံအခြေစိုက် 'အော့လ်တ်ဆီယံ (Altsean)' အဖွဲ့**

"လူတိုင်းအတွက် ဒါဟာ အကြီးအကျယ် အံ့အားသင့်ဖွယ်ပေါ့ဗျာ။"

**ရာဇာလီအစ္စမေးလ်၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်**

"ဝန်ကြီးချုပ်ခင်ညွန့်လက်ထက်တုန်းက ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်ပေးလိမ့်မယ်လို့ ကျနော်တို့ မျှော်လင့်နေခဲ့ကြတယ်။ ဒါပေမယ့် ဖြစ်မလာခဲ့ဘူး။ လက်ရှိ အုပ်ချုပ်ရေးလက်အောက်မှာ သူ့ကို လွှတ်ပေးလိမ့်မယ်ဆိုတဲ့ မျှော်လင့်ချက်က အခုတော့ ပိုတောင် နည်းပါးသွားပြီပေါ့။"

**ဟဆ်ဆန် ဝီရာယုဒါ၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး**

"မြန်မာနိုင်ငံရဲ့ အပြောင်းအလဲက စစ်အုပ်စုရဲ့ ဒီမိုကရေစီအစီအစဉ်ဖြစ်တဲ့ မေလမှာစခဲ့တဲ့ အမျိုးသားညီလာခံအတွက် ထိုးနှက်ချက်တစ်ခု ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။"

**အဗ္ဗဒူလာ အာမက် ဘာဒါဝီ၊ မလေးရှားဝန်ကြီးချုပ်**

"ရုတ်တရက်ကြီးဖြစ်လိုက်တာက ကျနော်တို့ကို စိတ်အနှောက်အယှက် ဖြစ်စေပါတယ်။ ကျနော်တို့အားလုံး အတော့်ကို အံ့အားသင့်သွားကြတာပေါ့။"

**ဆိုင်ယက်ဒ် ဟာမစ်၊ မလေးရှားနိုင်ငံခြားရေးဝန်ကြီး**

"မြန်မာနိုင်ငံကို အာဆီယံထဲကနေ ထုတ်ပစ်တာမျိုး၊ အဖွဲ့ဝင်အဖြစ်ကနေ ရပ်ဆိုင်းထားတာမျိုး စတဲ့ မနှစ်သက်ဖွယ် နည်းလမ်းတွေကို အာဆီယံအနေနဲ့ စဉ်းစားရပါမယ်။"

**လင်မ်ကစ်ရှန်း၊ မလေးရှားလွှတ်တော် အတိုက်အခံခေါင်းဆောင်**

"(မြန်မာ)အစိုးရသစ်ရဲ့ ထိုင်းနိုင်ငံနဲ့ပတ်သက်တဲ့မူဝါဒ ရှင်းရှင်းလင်းလင်းဖြစ်တဲ့အထိ အကူအညီတွေအားလုံး ဆိုင်းငံ့ထားဖို့ ကျနော် အကြံပြုပါတယ်။ မြန်မာနိုင်ငံဟာ ဒေသတွင်းမှာ ရက်စရာအကောင်းဆုံး တိုင်းပြည်ဖြစ်ခဲ့ပါပြီ။ ပြီးတော့ မနှစ်သက်ဖွယ် စက်ဆုပ်ရွံရှာစရာ တိုင်းပြည်အဖြစ်လည်း နိုင်ငံတကာက ယူဆထားခဲ့တာပါ။"

**ခရိုင်ဆပ် ချွန်ဟာဝန်၊ ထိုင်းအထက်လွှတ်တော်၊ နိုင်ငံခြားရေးရာကော်မတီ ဥက္ကဋ္ဌ**

"သူတို့ကို ဖိအားပေးဖို့ ကျနော် မကြိုးစားပါဘူး။ သို့သော် မြန်မာနိုင်ငံမှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် အပြုသဘောဆောင် အားပေးကူညီသွားမှာပါ။"

**သက်ဆင်ရှင်နာဝတ်ထရာ၊ ထိုင်းနိုင်ငံဝန်ကြီးချုပ်**

"ဝန်ကြီးချုပ်ခင်ညွန့် တာဝန်ကအနားယူလိုက်တာဟာ မြန်မာပြည်ရဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အစီအစဉ်ကို မထိခိုက်ဘူးလို့ စင်္ကာပူအနေနဲ့ မျှော်လင့်ပါတယ်။"

**စင်္ကာပူနိုင်ငံခြားရေးဝန်ကြီးဌာန**

# အမျိုးသမီးအခွင့်အရေးဆိုင်ရာ စီးဒေါစာချုပ်အကြောင်း သိကောင်းစရာ

Division for the Advancement of Women
Department of Economic and Social Affairs

## (က) စီးဒေါ၏အဓိပ္ပါယ်

စီးဒေါဆိုသည်မှာ အင်္ဂလိပ်ဘာသာ (CEDAW)ကို မြန်မာလို ခေါ်ဆိုခြင်းဖြစ်ပြီး ၎င်းသည် အမျိုးသမီးအခွင့်အရေးနှင့် သက်ဆိုင်သော နိုင်ငံတကာစာချုပ်ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာဖြင့် (The Convention on the Elimination of all Forms Discrimination Against Women-CEDAW) ဟုခေါ်သော **'အမျိုးသမီးများအပေါ် ခွဲခြားဖိနှိပ်ထားမှုများအားလုံး ပပျောက်ရေးသဘောတူညီချက်စာချုပ်'** သည် အမျိုးသမီးများ၏ အခွင့်အရေးအား အထူးကာကွယ်ရန် ပြုလုပ်ထားသည့် တစ်ခုတည်းသောစာချုပ်ဖြစ်သည်။

စာချုပ်သည် အမျိုးသမီးများနှင့် အမျိုးသားများအား လိင်အရ ခွဲခြားသတ်မှတ်မှုများကြောင့်ဖြစ်ပေါ်နေသော ခွဲခြားထားမှုအားလုံးကို ပပျောက်စေရန်အတွက် ပြဋ္ဌာန်းထားသည်။ စာချုပ်တွင် စုစုပေါင်း အပိုဒ် ၃၀ ပါရှိသည်။ ထိုအပိုဒ်များတွင် စာချုပ်အား အဖွဲ့ဝင်နိုင်ငံများက အကောင်အထည်ဖော်ရမည့်အပိုင်းနှင့် ကော်မတီက အကောင်အထည်ဖော်ရမည့်အပိုင်းဟူ၍ ပါရှိသည်။ စာချုပ်၏ အပိုဒ်(၁) မှ (၁၆)အထိသည် အဖွဲ့ဝင်နိုင်ငံများက လိုက်နာရမည့်အပိုင်းဖြစ်ပြီး ကျန်အပိုဒ် (၁၆) မှ (၃၀) အထိမှာ ကော်မတီက လုပ်ဆောင်ရမည့်အပိုင်း ဖြစ်သည်။

နိုင်ငံများအနေဖြင့် ၎င်းတို့၏ဆန္ဒအလျောက် စာချုပ်ကို သဘောတူလက်မှတ် ရေးထိုးနိုင်သည်။ စာချုပ်တွင် အမျိုးသမီးများနှင့်ဆိုင်သော အကြောင်းအရာများဖြစ်သည့် ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ လက်ထပ်ထိမ်းမြားရေး၊ ပညာရေး စသည်တို့တွင် ခွဲခြားဆက်ဆံခံရမှုမရှိဘဲ တန်းတူဆက်ဆံခွင့်ရှိရမည်ဟူ၍ ပြဋ္ဌာန်းထားသည့်အပြင် အခြားသော လူမှုရေး၊ ယဉ်ကျေးမှုဆိုင်ရာများကြောင့် အမျိုးသမီးတို့အပေါ်ကျရောက်နေသည့် အခြေအနေဆိုးများကိုလည်း ဖယ်ရှားပစ်ရန် တာဝန်ရှိကြောင်း ပြဋ္ဌာန်းထားပေသည်။

စာချုပ်အား ယနေ့အချိန်ထိ နိုင်ငံပေါင်း ၁၆၈ နိုင်ငံက လက်မှတ်ထိုးထားပြီး စာချုပ်ပါအကြောင်းအရာများအား သဘောတူထားကြသည်။ အချို့သောနိုင်ငံများသည် စာချုပ်ပါအပိုဒ်အချို့ကို လက်မှတ်မထိုးဘဲ ချန်လှပ်ထားကြသည်။

## (ခ) စီးဒေါကော်မတီ

စီးဒေါကော်မတီသည် စာချုပ်ကို ပိုမိုအားကောင်းအောင် ဦးဆောင်မောင်းနှင်နိုင်ရန် အမျိုးသမီးပညာရှင်များဖြင့် ဖွဲ့စည်းထားသည့် ကော်မတီဖြစ်သည်။ ကော်မတီတွင် ကမ္ဘာအရပ်ရပ်မှ အမျိုးသမီးပညာရှင် စုစုပေါင်း ၂၃ ဦးပါဝင်သည်။ ၎င်းတို့ကို ကွဲပြားသော ရေ၊ မြေ၊ ယဉ်ကျေးမှုများအလိုက် ဒေသပေါင်းစုံမှ လျှို့ဝှက်မဲပေးစနစ်ဖြင့် ကိုယ်စားပြု ရွေးချယ်ထားခြင်းဖြစ်သည်။ စာချုပ်အသက်ဝင်သည့် ၁၉၈၁ ခုနှစ်တွင် ကျွမ်းကျင်သူ ၁၈ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့သော်လည်း စာချုပ်အဖွဲ့ဝင် ၃၅ နိုင်ငံက စာချုပ်အား လိုက်နာပါမည်ဟု အတည်ပြုပြီးသောအခါ ကျွမ်းကျင်သူ ၂၃ ဦးဖြင့် တိုးချဲ့ဖွဲ့စည်း ခဲ့သည်။

နိုင်ငံများအနေဖြင့် စီးဒေါအား လက်မှတ်ရေးထိုးခြင်းသည် ၎င်းတို့၏ တိုင်းပြည်များတွင် ဖြစ်ပေါ်နေသော အမျိုးသမီးရေးရာ အခြေအနေများနှင့် ၎င်းတို့၏ အမျိုးသမီးရေးဆိုင်ရာ အကောင်အထည်ဖော်မှုများကို အစီရင်ခံစာ တင်သွင်းပါမည်ဟု သဘောတူခြင်းဖြစ်သည်။ စာချုပ်ကို သဘောတူလက်မှတ်ရေးထိုးခဲ့သော နိုင်ငံများအနေဖြင့် အစီရင်ခံစာများအား လေ့လာကြမည်ဖြစ်သည်။ အစီရင်ခံစာတင်သွင်းမည့်နိုင်ငံအနေဖြင့် အစီရင်ခံစာအားကြိုတင်၍ပေးပို့ရမည်ဖြစ်သည်။ အနည်းဆုံးသုံးလကြို၍ ပေးပို့ရသည်။ အကြောင်းမှာ ကော်မတီအဖွဲ့ဝင်များအနေဖြင့် တချိန်တည်းတွင် ဖတ်ကြားရမည့် အခြား အစီရင်ခံစာများလည်းရှိပြီး ကော်မတီဝင်များအနေဖြင့် အစီရင်ခံစာများနှင့်ပတ်သက်ပြီး မေးမြန်းစရာရှိသည်များ အကြံဉာဏ်ပေးစရာရှိသည်များအတွက် ကြိုတင်ပြင်ဆင်နိုင်ရန်ဖြစ်သည်။ ဒုတိယ အစီရင်ခံစာအား ပထမအစီရင်ခံစာတင်ပြီး လေးနှစ်အကြာတွင် ထပ်မံတင်သွင်းရသည်။ အကယ်၍ ကော်မတီအနေဖြင့် လိုအပ်၍ တောင်းဆိုလာပါက အစီရင်ခံစာအား ဆက်လက်၍တင်သွင်းရမည်ဖြစ်သည်။

## (ဂ) ကော်မတီ၏လုပ်ငန်းစဉ်

ကော်မတီသည် တစ်နှစ်လျှင်နှစ်ကြိမ် အစည်းအဝေးပြုလုပ်သည်။ ပထမအကြိမ်အား ဇန်နဝါရီလတွင်လည်းကောင်း၊ ဒုတိယအကြိမ်အား ဇွန်လတွင်လည်းကောင်း ကျင်းပပြုလုပ်ပြီး ၎င်းအချိန်တွင် အလှည့်ကျသောနိုင်ငံများက ကိုယ်စားလှယ်လာရောက်၍ ၎င်းတို့နိုင်ငံမှ အမျိုးသမီးများ၏ အခြေအနေများကို အစီရင်ခံစာဖြင့် တင်ပြကြရသည်။ အစိုးရကိုယ်စားလှယ်များ တင်ပြပြီးသောအခါ ကော်မတီအဖွဲ့နှင့် အပြုသဘောဆောင်သော အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ကြသည်။ ၎င်းနောက် ကော်မတီက အစည်းအဝေးတစ်ခုလုံးနှင့်ဆိုင်သော အထွေထွေသုံးသပ်မှု ပြုလုပ်သည်။

ကော်မတီနှင့် အဖွဲ့ဝင်နိုင်ငံများအကြား မည်သည့်အခါမျှ ရန်လိုသည့် အပြုအမူမျိုးမရှိသလို ကော်မတီဝင်များ၏ အကြံပြုချက်များသည် အဖွဲ့ဝင်နိုင်ငံများမှ အမျိုးသမီးများအတွက် အထောက်အကူဖြစ်စေသည့် အကြံဉာဏ်များသာဖြစ်သည်။ ကော်မတီဝင်များအနေဖြင့် ပညာရှင်များ ထမ်းဆောင်ရမည့်တာဝန်ကို အပြည့်အဝ ထမ်းဆောင်ခွင့်ရှိသည်။

## (ဃ) မြန်မာပြည်နှင့် စီးဒေါ

မြန်မာအစိုးရသည် ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် စီးဒေါစာချုပ်၏ အရေးကြီးသော အပိုဒ်များအားလုံးကို ချွင်းချက်မရှိ လက်မှတ်ထိုးခဲ့ပြီး စာချုပ်အား နောက်ဆုံးလက်မှတ်ရေးထိုးခဲ့သောနိုင်ငံလည်း ဖြစ်ပေသည်။ သက္ကရာဇ် ၂၀၀၀ ခုနှစ်၊ ဇန်နဝါရီလတွင် ပြုလုပ်သော ၂၂ ကြိမ်မြောက် စီးဒေါကော်မတီအစည်းအဝေးတွင် မြန်မာပြည်မှ အမျိုးသမီးများ၏ အခြေအနေများကို တင်ပြဆွေးနွေးခဲ့ကြသည်။ ၎င်းမှာ ပထမ တင်သွင်းရ

*စာမျက်နှာ ၇ သို့*

စာမျက်နှာ ၉ မှ

ဖြစ်ပြီးသွားတာနဲ့တပြိုင်နက် ဆွေးနွေးညှိနှိုင်းမှုတွေ ချက်ခြင်း ဆောင်ရွက်သင့်ပါတယ်။ တရုတ်ပြည်ကို ကျနော်တို့ရဲ့ ကုန်ပစ္စည်းတွေပို့ဆောင်နိုင်ဖို့အတွက် မြန်မာအာဏာပိုင်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုကို ကျနော်တို့လိုအပ်ပါတယ်။' လို့ သူက ဆိုပါတယ်။

ထိုင်း သွင်းကုန်ထုန်ကုန်ဘဏ်ကြီးရဲ့ ဥက္ကဋ္ဌ ဆထာပေါင်ယိနာချိထရာက မြန်မာ့နိုင်ငံရေးအပြောင်းအလဲက အစိုးရဘဏ်က လုပ်ဆောင်နေတဲ့ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတွေကို ဘာမှ ထိခိုက်စေနိုင်မှာ မဟုတ်ပါဘူးလို့ ဆိုပါတယ်။

မြန်မာအစိုးရဟာ အဲဒီဘဏ်ကြီးကနေ ချေးငွေဘတ်သန်း ၄,၀၀၀ ကို စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်အရ ရယူထားတာဖြစ်ပြီး ဒီနေ့အထိ ဘတ် ၃၃၈ သန်းကို ထုတ်ယူထားပြီးဖြစ်ပါတယ်။

### ထိုင်းနိုင်ငံရဲ့ ပြင်ဆင်မှုခြေလှမ်းများ

မြန်မာနိုင်ငံ မြဝတီမြို့နဲ့ ထိစပ်နေတဲ့ တပ်ခရိုင်ကို နယ်စပ်ဒေသအထူးစီးပွားရေးဇုံအဖြစ်သတ်မှတ်ပြီး ရင်းနှီးမြှုပ်နှံမှုများ၊ စက်မှုလုပ်ငန်းများ၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းများကို အဓိကထား လုပ်ဆောင်သွားဖို့ ထိုင်းအစိုးရက မျှော်မှန်းထားတာဖြစ်ပြီး ကုန်ထုတ်လုပ်ငန်းနဲ့ ဝန်ဆောင်မှုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမယ့်သူတွေကို သွင်းကုန်အခွန်ကောက်ခံမှုနဲ့ပတ်သက်လို့ သတ်မှတ်ကောက်ခံမှု အများဆုံးကနေ ကင်းလွတ်ခွင့်ပေးတဲ့အထိ မက်လုံးတွေလည်း ပေးသွားမှာဖြစ်ပါတယ်။

အခုလို အထူးစီးပွားရေးဇုံအဖြစ်သတ်မှတ်တဲ့ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံ၊ မြဝတီမြို့နဲ့ ထိစပ်နေပြီး မြန်မာပြည်က အလုပ်သမားတွေ အများဆုံးလာရောက်အလုပ်လုပ်ကိုင်ကြတဲ့ မဲဆောက်မြို့မှာ ထိုင်းအစိုးရအဖွဲ့နယ်လှည့်အစည်းအဝေးက ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒီလို အထူးစီးပွားရေးဇုံအဖြစ်သတ်မှတ်ပြီး လုပ်ဆောင်သွားမယ့် စီမံကိန်းတွေထဲမှာတော့ ဒေသတွင်း လမ်းမကြီးတွေဆောက်လုပ်ရေး၊ ရေလွှမ်းမိုးမှုကာကွယ်ရေး စတဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေအပြင် ဘတ် သန်း ၅၀ ကုန်ကျမယ့် 'တရားမဝင် နိုင်ငံခြားသား အလုပ်သမားများ ပြန်လည်ပို့ဆောင်ရေး' ဌာနတစ်ခုကို တပ်ခရိုင်အတွင်း တည်ဆောက်သွားမယ့် စီမံကိန်းတစ်ခုလည်း ပါဝင်နေပါတယ်။

မဲဆောက်လေယာဉ်ကွင်းတိုးချဲ့ရေး၊တပ်ခရိုင် စက်မှုကုန်ထုတ်လုပ်ရေး အခြေစိုက်လုပ်ငန်းများ ထူထောင်ရေးစီမံကိန်းတွေ အကောင်အထည်ဖော်နိုင်ဖို့အတွက် အလားအလာကောင်းများ လေ့လာရေးအတွက်လည်း သဘောတူညီခဲ့တယ်လို့သိရပါတယ်။ ဒီစီမံကိန်းတွေဟာ တပ်ခရိုင် အထူးစီးပွားရေးဇုံကို ထိုင်း၊ မြန်မာ၊ လာနဲ့ ကမ္ဘောဒီးယားတို့ပါဝင်တဲ့ မဟာမဲခေါင်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းအတွက် အဓိက ကုန်ထုတ်လုပ်ရေး အခြေစိုက်ဒေသကြီးအဖြစ်ပြောင်းလဲဖို့ ရည်ရွယ်တယ်လို့သိရပါတယ်။

### ရှေ့ခရီး

ထိုင်းဘက်မှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဒီလိုအရှိန်အဟုန်နဲ့ ပြင်ဆင်လုပ်ဆောင်နေချိန်မှာမှ မြန်မာဘက်မှာ အပြောင်းအလဲဖြစ်သွားရတဲ့အပေါ် ထိုင်းနိုင်ငံအနေနဲ့ အနည်းနဲ့အများဆိုသလို စိုးရိမ်မှာ သဘာဝကျပါတယ်။ ပုဂ္ဂိုလ်ရေးရင်းနှီးမှုပေါ်တည်ဆောက်ထားတဲ့ အစိုးရချင်းဆက်ဆံရေး ဘယ်လို ဆက်ဖြစ်လာဦးမယ်ဆိုတာ စိတ်ဝင်တစား စောင့်ကြည့်ရမှာဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။ ။

## မကဒတတည်ထောင်ခြင်း ၁၆ နှစ်ပြည့် အခမ်းအနားများကျင်းပ




*ဗဟိုဦးဆောင်ကော်မတီဝင်၊ စည်းရုံးပြန်ကြားဌာနအတွင်းရေးမှူး ရဲဘော်လွမ်းဏီ ဥက္ကဋ္ဌ၏ သဝဏ်လွှာကို ဖတ်ကြားနေစဉ်*



*အခမ်းအနားသို့တက်ရောက်လာသူများ*

မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး (မကဒတ – ကျောင်းသားတပ်မတော်) ဖွဲ့စည်းတည်ထောင်ခြင်း ၁၆ နှစ်မြောက် အခမ်းအနားများအား ဗဟိုဌာနချုပ်၊ တပ်ရင်းတပ်ဖွဲ့အသီးသီးနှင့် ထိုင်း–မြန်မာ နယ်စပ်တစ်နေရာရှိ မကဒတ ရုံးခွဲ၊ အရေးတော်ပုံခမ်းမတို့တွင် နိုဝင်ဘာလ ၁ ရက်နေ့ နံနက် ၀၈၀၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားသို့ မကဒတ ရဲဘော်ဟောင်းများ၊ မကဒတ ရဲဘော်များ၊ မကဒတ အဖွဲ့ဝင်များ၊ မဟာမိတ်အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်များ စုံညီစွာတက်ရောက်ခဲ့ကြသည်။

အခမ်းအနားများသို့ မကဒတ ဥက္ကဋ္ဌ ရဲဘော်သံခဲက သဝဏ်လွှာ ပေးပို့ခဲ့ရာ ထိုသဝဏ်လွှာ၌ "ရဲဘော်တို့ ငါတို့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီတော်လှန်ရေးခရီးဟာ စစ်အာဏာရှင်တွေရဲ့ အကြမ်းရမ်းဆုံး ဖိနှိပ်မှုတွေနဲ့ ဘက်ပေါင်းစုံ စိန်ခေါ်မှုတွေကြားမှာ ကြာလာပေမယ့် ပြည်သူလူထုကြီးရဲ့ ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေးစိတ်ဓာတ်တွေနဲ့ လှုပ်ရှားမှုတွေကတော့ ဘယ်တော့မှ ရပ်တန့်ခဲ့တယ်လို့ မရှိခဲ့ဘူး။ မြန်မာနိုင်ငံရဲ့ ခေတ်သစ်သမိုင်းမှာ ဘယ်တော့မှ စစ်အာဏာရှင်စနစ်ဆီကို နောက်ပြန်လှည့်လို့တော့ မဖြစ်ဘူး။ အညံ့ခံလို့တော့ မဖြစ်ဘူး။ ကြမ်းတမ်းလှတဲ့ စစ်အာဏာရှင်တွေရဲ့ ဖိနှိပ်မှုအောက်မှာ ငါတို့ပြည်သူလူထုအတွက် နောက်မဆုတ်တမ်း တိုက်ပွဲဝင်နေတဲ့ လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်တို့လို သူရဲကောင်းတွေရဲ့ စိတ်ဓာတ်နဲ့ မှန်ကန်တဲ့ဦးဆောင်မှု၊ စွန့်လွှတ်အနစ်နာခံမှုတွေကို စံနမူနာယူကြပါ။" ဟူ၍ ဖော်ပြထားသည်။ ။